ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်၊ သောကြာနေ့၊ (6-8-2004) (၄၃၁၇)

ကာလေန ဓမ္မဿဝနံ
ဧတံ မင်္ဂလ မုတ္တမံ။

သင့်လျော်သော အခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၄ ရက်က ရေစကြိုမြို့ ပခန်းကြီးကျေးရွာရှိ ပခန်းကြီး ရှေးဟောင်းသုတေသနပြတိုက်၌ ရှေးဟောင်းပစ္စည်းများ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရိက္ခာဖူလုံရေး ရည်မှန်းချက်ထားပြီး စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ ဒေသနှင့်ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများရွေးချယ်ပြီး စီးပွားဖြစ်မွေးမြူ သစ်တောကြိုးဝိုင်းများ ထူထောင်ထိန်းသိမ်းစောင့်ရှောက်မှု ပီပီပြင်ပြင်ဆောင်ရွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်

ရန်ကုန် ဩဂုတ် ၅

မန္တလေးတိုင်း ပုဂံ–ညောင်ဦးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ **နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ** ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် ဩဂုတ် ၄ရက် နံနက်ပိုင်းတွင် ပုဂံ–ညောင်ဦးမြို့မှ ထွက်ခွာခဲ့ရာ မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့သို့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၄ ရက်က ပခုက္ကူခရိုင် ရေစကြိုမြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ရေစကြိုမြို့နယ် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသများ တိုးတက်ဖြစ်ထွန်းရေး လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပံ့ပိုး ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)



ကျေးလက်ဒေသများအထိ ကွင်းဆင်းဆောင်ရွက်

မိမိဒေသအတွင်း အစွန်အဖျား ကျေးရွာများ အပါအဝင် ကျေးလက်ဒေသတစ်ခုလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရအောင် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ အားလုံးက အခြေခံဒေသများဖြစ်သော ကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး လိုအပ်သည်များ ဦးဆောင်ပံ့ပိုး ပညာပေး ဆောင်ရွက်ပေးခြင်းအားဖြင့် မြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၆-၈-၂၀၀၄
(သောကြာနေ့)

ရေသယံဇာတများ တိုးမြှင့်ဖော်ထုတ် အဓိကသီးနှံများ တိုးချဲ့စိုက်ပျိုးရေးကြိုးပမ်း

နိုင်ငံတစ်နိုင်ငံ၏ အခြေခံသယံဇာတသည် ရေ၊ မြေ၊ တောတောင်နှင့် ရာသီဥတုတို့ဖြစ်သည်။ တောတောင်ပျက်စီးမည်ဆိုပါက မြေလည်းပျက်၊ ရေလည်းခန်းခြောက်ကာ ရာသီဥတုဖောက်ပြန် ပျက်ယွင်းလာနိုင်သည်။ ထို့ကြောင့် နိုင်ငံတော်က ရာသီဥတုမျှတမှန်ကန်ရေးအထောက်အကူပြု သစ်တောသစ်ပင်များကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်၍ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်း မြင်းခြံခရိုင်သည် မိုးခေါင်ရေရှား ပူပြင်းခြောက်သွေ့သည့် ဒေသဖြစ်သည်။ ယခင်က ဒေသခံ တောင်သူလယ်သမားများအနေဖြင့် လုံ့လဝီရိယအားမည်မျှပင်စိုက်ထုတ်လုပ်ကိုင်စေကာမူ သေချာရေရာမှုမရှိသည့် မိုးရေကိုမျှော်ကိုးပြီး စိုက်ပျိုးကြရသဖြင့် မိုးရွာသွန်းမှုမရှိလျှင် အကျိုးကျေးဇူးခံစားရမှုမရှိဖြစ်ခဲ့ကြရသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **စိုက်ပျိုးရေးလုပ်ငန်းတွင် ရေရရှိရေးသည်အရေးကြီးကြောင်း၊ ထို့ကြောင့် ဆည်မြောင်း၊ ကန်ချောင်းများကိုအခြေအနေပေးသည့်ဒေသတိုင်း၌ တိုးချဲ့တည်ဆောက်သွားရမည်ဖြစ်ကြောင်း** လမ်းညွှန်မှာကြားထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေ လုံလောက်စွာရရှိနိုင်ရန် နည်းလမ်းအသွယ်သွယ်ဖြင့် စီမံဖြည့်ဆည်းလျက်ရှိသည်။ ရေ၊ မြေသဘာဝအခြေအနေပေးသည်နှင့် အညီ ဒေသနှင့်လိုက်ဖက်သော ဆည်မြောင်း၊ တာတမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး စီမံကိန်းများကို တည်ဆောက်ပေးလျက်ရှိသည်။

မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် တယ်ပင်တဲကျေးရွာအနီး တည်ဆောက်ပြီးစီးသွားသော တောင်ရေ ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကိုဇူလိုင်လ ၂၈ ရက်ကနေ့က အဆိုပါ ရေလှောင်တမံအနီးရှိမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တက်ရောက်အမှာစကားပြောကြားပြီး မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော်က တောင်သူလယ်သမားများ စိုက်ပျိုးရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေး အကျိုးပြုဆည်မြောင်း၊ တာတမံများကို နိုင်ငံတော်တစ်ဝန်းတည်ဆောက်ပေးလျက်ရှိရာ ယခုဖွင့်လှစ်လိုက်သည့် တောင်ရေ ရေလှောင်တမံ အပါအဝင် ဆည်မြောင်း တာတမံပေါင်း ၁၆၂ ခုရှိပြီဖြစ်သည်။

မန္တလေးတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် အားထားရသည့် တိုင်းကြီးတစ်တိုင်းဖြစ်ရာ နိုင်ငံတော်က ဖန်တီးပေးထားသော အခြေအနေကောင်းများကို ထိထိရောက်ရောက်အသုံးချပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝမြင့်မားရေးတို့အတွက် ကုန်ထုတ်လုပ်ငန်းများကို အားကြိုးမာန်တက် လုပ်ကိုင်ကြရမည်ဖြစ်သည်။

မန္တလေးတိုင်းအတွင်း၌ ၂၀၀၃-၂၀၀၄ခုနှစ်က မိုးစပါးဧကခြောက်သိန်းကျော်၊ နွေစပါးဧက တစ်သိန်းကိုးသောင်းကျော် စုစုပေါင်းဧကရှစ်သိန်းကျော် စိုက်ပျိုးနိုင်ခဲ့သည်။ ယခု ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မိုးစပါးဧက ခုနစ်သိန်းကျော်၊ နွေစပါးဧက တစ်သိန်းရှစ်သောင်းကျော် စုစုပေါင်းဧက ကိုးသိန်းကျော် စိုက်ပျိုးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

မန္တလေးတိုင်းသည် ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ၊ ကြံ စသည့် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးဖြစ်ထွန်း အောင်မြင်သည့်ဒေသဖြစ်သည်။ နိုင်ငံတော်က ယခုကဲ့သို့ စိုက်ပျိုးရေရရှိရေး ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ မန္တလေးတိုင်း၏ လယ်ယာကုန်ထုတ်လုပ်ငန်းများကို ပိုမိုစွမ်းဆောင်လုပ်ကိုင်လာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက လယ်ယာစိုက်ပျိုးရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ရေသယံဇာတများကိုအရှိန်အဟုန်ဖြင့် တိုးမြှင့်ဖော်ထုတ်ပေးလျက်ရှိရာ ဒေသခံ တောင်သူလယ်သမားများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ အနေဖြင့်အဓိကသီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ရေဝေရေလဲ ဧရိယာအတွင်းရှိသစ်တောသစ်ပင်များ ထာဝရတည်ရှိရေး ဝိုင်းဝန်းကြိုးပမ်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နယ်စပ်/ စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် ဧရာဝတီတိုင်း စည်ပင်သာယာလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဩဂုတ် ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်သည် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သွားရောက်စစ်ဆေးသည်။

ဝန်ကြီးနှင့် အဖွဲ့အား ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့်ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ပန်းတနော်မြို့သို့ ဆက်လက်ထွက်ခွာပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်က စည်ပင်သာယာရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို ရှင်းလင်းတင်ပြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့သို့ ရောက်ရှိလာရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးက မြို့သာယာလှပသန့်ရှင်းရေးလုပ်ငန်းများအား လိုက်လံရှင်းလင်းပြသရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာ သင်တန်း အမှတ်စဉ်(၁/၂၀၀၄)မှ သင်တန်းသား၊သင်တန်းသူများမြန်မာ့အလင်းသတင်းစာတိုက်တွင်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

တရားစီရင်ရေးဆိုင်ရာ မှာကြားချက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ တရားစီရင်ရေးဆိုင်ရာ မှာကြားချက်များနှင့် ရှေ့နေချုပ်နှင့် ပြည်နယ်/တိုင်း ဥပဒေအရာရှိများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအတွေ့အကြုံ ပြန်လည်ရှင်းလင်းပွဲကို ယနေ့ နံနက်၁၀နာရီတွင် ရန်ကုန်တိုင်းဥပဒေရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းရှင်းလင်းပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်း ဥပဒေအရာရှိ ဦးကျော်မိုးနိုင်နှင့်ဒုတိယတိုင်းဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဥပဒေရုံးများမှဥပဒေအရာရှိများ တက်ရောက်ကြပြီး ရန်ကုန်တိုင်း ဥပဒေအရာရှိက ဇူလိုင် ၂၈ ရက်တွင် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများ၊ ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်၊တိုင်း၊ခရိုင် ဥပဒေအရာရှိများ တွေ့ဆုံပြီး တရားစီရင်ရေးဆိုင်ရာ မှာကြားချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

သမထဝိပဿနာ(၇)ရက်စခန်း

ရန်ကုန် ဩဂုတ် ၅

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ (ဒလ-အံ့ကြီး)က ဩဂုတ်၈ရက်မှ ဩဂုတ် ၁၄ ရက်အထိ ညနေ ၅နာရီမှ ၆နာရီခွဲအထိ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်တွင်လည်းကောင်း၊ ဩဂုတ် ၁၅ ရက်မှ၂၁ရက်အထိ ညနေ ၆ နာရီခွဲမှ ၈နာရီအထိ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိဒေဝသာဂရရဟန္တာသိမ်ဖြူတော်ကြီးတွင် လည်းကောင်း ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆို အားထုတ်နိုင်ကြောင်းသိရသည်။ (က-ပ)

စူပါသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၅

ခင်စပယ်ဦးပြောတဲ့ အနာဂတ်အိမ်ထောင်ရေး စိတ်ကူး၊ ကွန်ဂရက်ကျူလေးရှင်းလူမင်း၊ စိတ်ကို မထိန်းနိုင်သေးတဲ့ ရတနာပုံ၊ ချစ်ကံခေတဲ့ ဂျန်ဂျယ်ဟော့စ်၊ နိုင်ငံတကာအဆင့် အကျိုးပေးတဲ့ မြန်မာမင်းသမီးလေး၊ မင်းမော်ကွန်းကြောင့် ခက်တယ်၊ လူမင်းပြီးတော့ နန္ဒာလှိုင်ရဲ့ သတင်းကို ကြားလိုကြပြန်သတဲ့၊ ကုသိုလ်ကောင်းပုံက၊ မဒမ်လွှင်မိုးရဲ့ ဘေဘီဖန်နေချာ၊ ဒါရိုက်တာနီကိုရဲရဲ ပါးပါးလေးနဲ့ အပျင်းပြေ၊ဘိုဘိုနှင့်သူ့ဘဝ သူ့အတွေးသူ့အနုပညာ၊ မြင်သူငေးရင်မလေးရတဲ့ အော်စကာဆုရ ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး အိန်ဂျလီနာဂျိုလီစသော ပြည်တွင်း၊ ပြည်ပရုပ်ရှင်၊ ဂီတစူပါ အနုပညာရှင်များ၏ ဘဝကောက်ကြောင်းပုံရိပ်များနှင့်အတူ ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင် သက်မွန်မြင့်၏ စတိုင်လ်အလှ ရောင်စုံဓာတ်ပုံတို့ဖြင့် “စူပါ” သတင်းဂျာနယ် အမှတ်(၂၅)ကို ဆင်တောင်ကြီးစာပေ၊ အမှတ်(၄၁)၊ ၂၉လမ်း၊ ရန်ကုန်မြို့က ယနေ့ဖြန့်ချိကြောင်းသိရသည်။ (က-ပ)

သတင်းစာပညာသင်တန်း သင်တန်းသားများ မြန်မာ့အလင်း သတင်းစာတိုက်လေ့လာ

ရန်ကုန် ဩဂုတ် ၅

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၄)မှ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းမှူး ဦးညွန့်လှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)အမှတ်(၅၃)ရှိ မြန်မာ့အလင်းသတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ သင်တန်းသား၊သင်တန်းသူများအား မြန်မာ့အလင်းသတင်းစာတိုက် လက်ထောက်မန်နေဂျာ (ကြော်ငြာ) ဦးအောင်ကြည်မင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တာဝန်ရှိသူများနှင့်မိတ်ဆက်ပေးသည်။

ထို့နောက် မြန်မာ့အလင်းသတင်းစာတိုက်မန်နေဂျာ ဦးဇော်ဝင်းက မြန်မာ့အလင်း သတင်းစာတိုက်အကြောင်း သိကောင်းစရာများ၊ ထုတ်လုပ်ရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများသည် မြန်မာ့အလင်း သတင်းစာတိုက်ရှိ စာတည်းဌာန၊ ကွန်ပျူတာဌာန၊ ဖိုတိုလစ်သိုဌာနနှင့် ပုံနှိပ်စက်ခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ဇူလိုင် ၁၈ရက်က အမှတ် ၃၁၆ ရွှေမော်ဓောဘုရားလမ်း ပဲခူးမြို့နေ ဦးခင်အောင်-ဒေါ်ခင်ရီမိသားစုက ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မ ငွေပဒေသာပင်အတွက် အလှူတော်ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေလက်ခံယူစဉ်။ (က-ပ)

အီရတ်လုံခြုံရေးတပ်ဖွဲ့များ သင်တန်းပေးရေးကိစ္စ ဂျာမနီပါဝင်မည်မဟုတ်ဟုဆို

ဘာလင် ဩဂုတ် ၃

နေတိုးခေါ်မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံအတွင်း၌ပင် လေ့ကျင့်ရေးသင်တန်းများ ပေးသွားရန်ရှိသည်။ ထိုအစီအစဉ်အရ အီရတ် ပြည်တွင်း၌ သင်တန်းပေးရေးကိစ္စများတွင် ဂျာမနီနိုင်ငံသည် ပါဝင်မည်မဟုတ်ဟု ဂျာမန်ပြောရေး ဆိုခွင့်ရှိသူက ပြောကြားသည်။ သို့ရာတွင် အီရတ်များကိုဂျာမနီနိုင်ငံအတွင်း၌ သင်တန်းတက်နိုင်သည့် အခွင့်အလမ်းကို မူဝါဒတံခါးဖွင့်ထားဆဲဖြစ်သည်ဟု ဆိုသည်။

လေ့ကျင့်သင်ကြား

နေတိုးအဖွဲ့က အီရတ်လူမျိုးများအား လုံခြုံရေးသင်တန်းပေးမည့်အစီအစဉ်ကို ဩဂုတ်လ စောစောပိုင်းတွင် အီရတ်ပြည်တွင်း၌ စတင်ဆောင်ရွက်မည်ဖြစ်သည်။ ထိုအစီအစဉ်တွင် ဂျာမနီနိုင်ငံအနေဖြင့် ပါဝင်မည်မဟုတ်ကြောင်း အစိုးရ ပြောရေးဆိုခွင့်ရှိသူ သောမတ်စတက်က ဘာလင်၌ပြုလုပ်သည့် ပုံမှန် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ သို့ရာတွင် အီရတ်လုံခြုံရေး အရာရှိများအနေဖြင့် ဂျာမနီနိုင်ငံစစ်ကျောင်းကြီးများ၌ လေ့ကျင့်သင်ကြားနိုင်ခွင့် ရှိသောအခွင့်အရေးကိုမူ ဖွင့်လှစ်ပေးထားကြောင်းသိရသည်။

စွန့်လွှတ်ခဲ့

နေတိုးအဖွဲ့မှ သင်တန်းဆရာ ၄၀ ဦးတို့ကို အီရတ်တို့အား လုံခြုံရေးသင်တန်းများပေးရန် လာမည့် သောကြာနေ့တွင် ခရီးထွက်ကြတော့မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာ၌ သင်တန်းကိစ္စ ဆောင်ရွက်မည့် မစ်ရှင်အဖွဲ့ကို အပေါင်းပါတပ်ဖွဲ့၏ အုပ်ချုပ်မှုအောက်၌ထားရန် မူလက စီစဉ်ထားသည်။ သို့သော် ပြင်သစ်နိုင်ငံ၏ ကန့်ကွက်တောင်းဆိုမှုကြောင့် မူလအစီအစဉ်ကို စွန့်လွှတ်ခဲ့ရသည်။

ကျင်းပခဲ့

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို နေတိုးက သင်တန်းပေးရေးဆုံးဖြတ်ချက်မှာ နေတိုးထိပ်သီး အစည်းအဝေးတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ထိုအစည်းအဝေးသည် ယခုဇွန်လ၌ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်မြို့တွင်ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်များကို ဩဂုတ် ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘာကူဘာမြို့တွင် အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွား အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင်လေးဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၃

အီရတ်နိုင်ငံ အရှေ့ပိုင်းဒေသရှိ ဘာကူဘာမြို့အနီး စစ်ဆေးရေးဂိတ်တွင် အသေခံကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာတွင် အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင် လေးဦးသေဆုံးသွားပြီး ခြောက်ဦးထိခိုက်ဒဏ်ရာရရှိသွားကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

အသေခံ ဗုံးဖောက်ခွဲသူသည် ကရိနာကား မောင်းနှင်လာပြီး ဗုံးဖောက်ခွဲခြင်းဖြစ်ကြောင်း၊ ယင်းဖောက်ခွဲမှုတွင် ပါဝင်ဖွယ်ရှိသူတစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ကားအတွင်းရှိ စာရွက်စာတမ်းများအရ ကားပိုင်ရှင်မှာ ဆူဒန်နိုင်ငံသား တစ်ဦးဖြစ်သည်ဟု ဆိုသည်။

ကားဗုံးဖောက်ခွဲသူသည် အမေရိကန် ဦးဆောင်သောနိုင်ငံစုံတပ်ဖွဲ့၏ ကားများနောက်မှ လိုက်လာပြီး ဘာကူဘာမြို့အနီးရှိ စစ်ဆေးရေးဂိတ်ကို တပ်ဖွဲ့ဝင်ကားများ ကျော်ဖြတ်ရာတွင် ဗုံးပေါက်ကွဲခြင်း ဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိခိုက်ဒဏ်ရာရ

ထိခိုက် ဒဏ်ရာရရှိသည့် အစောင့်တပ်ဖွဲ့ဝင်များအား နိုင်ငံစုံတပ်ဖွဲ့ နေထိုင်ရာ အဆောက်အအုံသို့ ရွှေ့ပြောင်းခဲ့သည်။ ဘာကူဘာမြို့တွင် လွန်ခဲ့သည့် ရက်သတ္တပတ်ကလည်း ကားဗုံးပေါက်ကွဲခဲ့ရာတွင် လူ ၇၀ နှင့် ဒါဇင်ချီ၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဗုံးဖောက်ခွဲသူသည် တိုယိုတာ ဘတ်စ်ကားငယ်တစ်စီးအား မောင်းနှင်ကာ ရဲတပ်ဖွဲ့အနီးရှိ ဈေးသို့ဝင်ရောက်ခဲ့ကြောင်း ရဲစခန်းအပြင်ဘက်တွင် ရဲတပ်ဖွဲ့ဝင်သစ်များ တန်းစီနေစဉ် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်တာနက်။

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၉၁၇ ဦးရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်ကို လွန်ခဲ့သည့်နှစ် မတ်လကစတင်တိုက်ခိုက်ချိန်မှ ယခုနှစ် ဩဂုတ်လ ၃ ရက်အထိ အီရတ်၌ သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ဦးရေမှာ ၉၁၇ ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်သည့် စာရင်းများအရသိရသည်။ ၎င်းတို့အနက် အမေရိကန်တပ်ဖွဲ့ဝင် ၆၈၀ ဦးမှာ တိုက်ပွဲတွင်သေဆုံးခြင်းဖြစ်ပြီး ၂၃၇ ဦးမှာ အခြားသော အကြောင်းများကြောင့် သေဆုံးကြရခြင်းဖြစ်သည်။

ထိုအချိန်အတောအတွင်း အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင် ၆၀ ဦးသေဆုံးကြောင်း ဗြိတိန်စစ်ဘက်က ကြေညာသည်။ အလားတူပင် အီရတ်၌အီတလီတပ်ဖွဲ့ဝင် ၁၈ ဦး၊ စပိန်ရှစ်ဦး၊ ပိုလန်ခုနစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦး၊ ယူကရိန်းလေးဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့က တစ်ဦးစီသေဆုံးကြောင်း သိရသည်။

အမေရိကန်သမ္မတက အီရတ်စစ်ပွဲတွင် တိုက်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း ၂၀၀၃ ခုနှစ် မေ ၁ ရက်တွင် ကြေညာပြီးနောက် အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၇၇၉ ဦးသေဆုံးသည်။ ၎င်းတို့အနက် ၅၇၁ ဦးမှာ တိုက်ပွဲတွင်သေဆုံးခြင်းဖြစ်ကြောင်း၊ ၂၀၈ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာန၏ အင်္ဂါနေ့က ကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်သို့ စတင်ကျူးကျော်တိုက်ခိုက်ချိန်မှစ၍ ယနေ့အထိ တိုက်ပွဲတွင်ထိခိုက်ဒဏ်ရာရသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်းမှာ ၆၀၈၉ ဦးရှိကြောင်း ကာကွယ်ရေးဌာနက ဖော်ပြထားသည်။

အင်တာနက်။

အီရတ်မြောက်ပိုင်း ရေနံပိုက်လိုင်း ဖောက်ခွဲဖျက်ဆီးခံရ

ကယ်ကွတ် ဩဂုတ် ၄

အီရတ်နိုင်ငံ ကယ်ကွတ်ရေနံမြေနှင့် တူရကီနိုင်ငံဆေဟန်ဆိပ်ကမ်းကို ဆက်သွယ်ထားသည့် ရေနံပိုက်လိုင်းကို အင်္ဂါနေ့က ဖောက်ခွဲဖျက်ဆီးလိုက်သည့်အတွက် အီရတ်မြောက်ပိုင်းမှ ရေနံကန့်သတ် တင်ပို့ရောင်းချမှု ရပ်ဆိုင်းသွားကြောင်းဖြင့် မြောက်ပိုင်းရေနံကုမ္ပဏီ အရာရှိတစ်ဦးက ပြောကြားသည်။

ကယ်ကွတ်မြို့ အနောက်ဘက် အယ်ဝါထေဟာမှ ရေနံပိုက်လိုင်းကို ဖောက်ခွဲရေးပစ္စည်းဖြင့် ဖောက်ခွဲလိုက်သည့်အတွက် ပေါက်ကွဲမီးလောင်ပြီး အဓိကရေနံပိုက်လိုင်း ပျက်စီးသွားရခြင်းဖြစ်ကြောင်း ရေနံကုမ္ပဏီ အရာရှိ နာဆာကက်ဆင်က ပြောကြားသည်။ ကွယ်ကွတ်မြို့အနောက်ဘက် ကီလိုမီတာ ၁၂၀ ခန့်အကွာတွင် အင်္ဂါနေ့ နံနက် ၆ နာရီက ဖောက်ခွဲလိုက်ခြင်း ဖြစ်သည်ဆို၏။

အီရတ်ရဲတပ်ဖွဲ့၊ အမျိုးသားအစောင့်တပ်နှင့် နိုင်ငံတကာတပ်များက ဒေသတစ်ဝိုက် လုံခြုံရေးယူထားပြီး အရေးပေါ် မီးသတ်မှုများ ပြုလုပ်စဉ် ကယ်ကွတ်နှင့် ဘေဂျီရှိ ရေနံချက်စက်ရုံများ ဆက်သွယ်သည့် လမ်းကြောင်းမှာ ပြတ်တောက်သွားရသည်ဆို၏။

ဘဂ္ဂဒက်မြို့ရှိ ရေနံဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူကမူ ယင်းတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာဝေဖန်ခြင်းမရှိဟု သိရသည်။

အင်တာနက်။

ဒိန်းမတ်တပ်မှူးများကို အီရတ်မှပြန်လည်ခေါ်ယူ

ကိုပင်ဟေဂင် ဩဂုတ် ၃

ဒိန်းမတ်တပ်ဖွဲ့ဝင်များအပါအဝင် အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှု အရုပ်တော်ပုံတစစ တိုးမြင့်ပေါ်ပေါက်ခဲ့ပြီးနောက် ဒိန်းမတ်အစိုးရက အီရတ်နိုင်ငံမှ ထိပ်တန်းတပ်မှူးများကို အင်္ဂါနေ့တွင် ပြန်လည် ခေါ်ယူလိုက်သည်။

အီရတ်နိုင်ငံ တောင်ပိုင်းဒေသရှိ အီဒင်စခန်းတွင် စစ်ဆေးမေးမြန်းမှု ပြုလုပ်နေစဉ်အတွင်း အကျဉ်းသားနှိပ်စက်ညှဉ်းပန်းမှု စွပ်စွဲချက်များအား စုံစမ်းစစ်ဆေးနေသူများနှင့် တွေ့ဆုံညှိနှိုင်းခဲ့ပြီးနောက် ဒိန်းမတ် ကာကွယ်ရေးဝန်ကြီးဆိုရင်ဂိတ်က ၎င်း၏ အရာရှိများကို ပြန်လည်ခေါ်ယူခြင်း ဖြစ်ကြောင်း အမျိုးသားရုပ်မြင်သံကြား အစီအစဉ်အား ပြောကြားသည်။

ခေါ်ယူ

အစိုးရ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ သံသယပွားများမှုများ ပေါ်ပေါက်လာနိုင်ကြောင်း၊ ယင်းကြောင့် မိမိ၏တပ်မှူးများအား ပြန်လည်ခေါ်ယူရခြင်းဖြစ်ကြောင်း ဂိတ်က ပြောကြားသည်။

အီရတ်သို့စေလွှတ်

အီရတ်ရှိ တပ်ရင်းကြီးတပ်မှူး၊ စစ်ရဲတပ်ဖွဲ့အကြီးအကဲ၊ စစ်ထောက်လှမ်းရေးအကြီးအကဲနှင့် ဥပဒေအရာရှိချုပ်တို့ကို ခေါ်ယူထားကြောင်း အီရတ်ရှိ ဒိန်းမတ်တပ်ဖွဲ့ဝင် ၅၀၀ တို့ကို ဦးဆောင်မည့် ထိပ်တန်းအရာရှိသစ်များကို အီရတ်သို့ စေလွှတ်မည်ဖြစ်ကြောင်း ဒိန်းမတ်စစ်ဘက်က ပြောကြားသည်။

ဒိန်းမတ်တပ်ရင်းကြီး၏ ကြိုးပမ်းမှုအတွက် ဂုဏ်သိက္ခာကို ထိန်းသိမ်းထားရေးအတွက် အခြားဖြစ်နိုင်ဖွယ်ရာ အလားအလာများ မရှိကြောင်း ဒိန်းမတ်တပ်မှူးချုပ် ဂျက်စပါဟဲလ်ဆိုက ပြောကြားသည်။ ဒိန်းမတ်တပ်မတော်က ဒိန်းမတ်အရာရှိများအား စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း အင်္ဂါနေ့ စောစောပိုင်းက ပြောကြားသည်။

ပြောကြား

ထောက်လှမ်းရေး အရာရှိတစ်ဦးက အကျဉ်းသားများအား စစ်ဆေးသည့် နည်းလမ်းနှင့်စပ်လျဉ်း၍ တပ်ဖွဲ့ဟောင်းမှ လုပ်ဖော်ကိုင်ဖက်တစ်ဦးက မကျေမနပ်ဖြင့် ပြောကြားသည်ဟု စစ်ဘက်ကပြောကြားသည်။

စစ်ဆေးနေ

ယင်း အရာရှိအား လွန်ခဲ့သည့် ရက်သတ္တပတ်က အိမ်ပြန်ပို့လိုက်ပြီဟုဆိုသည်။ ယင်းအရာရှိသည် အသက် ၃၀ အရွယ်ရှိ အမျိုးသမီးတစ်ဦးဖြစ်သည်ဟု ဒိန်းမတ်သတင်းစာများက ရေးသားသည်။ ဒိန်းမတ်စစ်ဘက်က အဆိုပါ တပ်ဖွဲ့ဝင်၏ အမည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ သို့ရာတွင် တပ်ဖွဲ့ဝင် အများအပြား စစ်ဆေးခံနေရပြီ ဖြစ်ကြောင်း ပြောကြားသည်။

အင်တာနက်။

အီရတ်နိုင်ငံသို့ စေလွှတ်မည့် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးသည့် နေရာအနီး အီရတ်စစ်ပွဲကို ဆန့်ကျင်သည့် တောင်ကိုရီးယားပြည်သူများနှင့် အဓိကရုဏ်း နှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ရုန်းရင်းဆန်ခတ် ဖြစ်နေသည်ကို ဩဂုတ် ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်သို့ တပ်ဖွဲ့ စေလွှတ်ရေး ဆော်ဒီအာရေဗျ၏ အဆိုပြုချက် ကဒါဖီ ပယ်ချ

ထရီပိုလီ ဩဂုတ် ၄

အီရတ်နိုင်ငံသို့ အာရပ် သို့မဟုတ် မွတ်စလင်တပ်ဖွဲ့တစ်ဖွဲ့အား စေလွှတ်ရန် ဆော်ဒီအာရေဗျ၏အဆိုပြုချက်ကို မိမိ ဆန့်ကျင်ကြောင်း လစ်ဗျား ခေါင်းဆောင်ကဒါဖီက သောကြာနေ့ကပြောကြားလိုက်သည်။

စေလွှတ်သင့်

အီရတ် သိမ်းပိုက်ရေးတပ်ဖွဲ့များ အီရတ်မှရုပ်သိမ်းပြီး ကုလသမဂ္ဂက ခွင့်ပြုမှသာ အာရပ် သို့မဟုတ်မွတ်စလင် တပ်ဖွဲ့ကို အီရတ်သို့ စေလွှတ်သင့်ကြောင်း ကဒါဖီက ပြောကြားကြောင်း လစ်ဗျား နိုင်ငံပိုင်သတင်းဌာနဂျာနာက ဖော်ပြသည်။

သို့မဟုတ်ပါက အာရပ်နှင့် မွတ်စလင်တပ်ဖွဲ့များသည်လည်း သိမ်းပိုက်ရေးတပ်ဖွဲ့ ဖြစ်သွားလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကြိုဆို

အမေရိကန် ဦးဆောင်သည့်နိုင်ငံစုံတပ်ဖွဲ့၏ တစ်စိတ်တစ်ဒေသအနေဖြင့်လည်းကောင်း၊ သို့မဟုတ်ပါက သီးခြားအနေဖြင့်လည်းကောင်း အီရတ်သို့ အာရပ် သို့မဟုတ် မွတ်စလင် တပ်ဖွဲ့ဝင်များစေလွှတ်ရန် ဆော်ဒီအာရေဗျ၏ အဆိုပြုချက်ကို ကြိုဆိုကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ပယ်ချ

အီရတ်နိုင်ငံမှ သဘောထားတင်းမာသည့် ရှီးယိုက်ခေါင်းဆောင် မိုတာဒါ အယ်လ်ဆာဒါနှင့် ဆွန်နီခေါင်းဆောင်များကလည်း ဆော်ဒီအာရေဗျ၏ အဆိုပြု ချက်ကို သောကြာနေ့တွင် ပယ်ချခဲ့ သည်။ ***အင်တာနက်။***

သြဂုတ် ၂ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အီရတ် ခုခံတိုက်ခိုက်ရေးသမားများအား တိုက်ခိုက်ရန် နေရာယူနေကြသည့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

အီရတ်ရှိ ကန်တပ်ဖွဲ့များအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ရပ်ဆိုင်းရန် တောင်းဆို

အန်ကာရာ ဩဂုတ် ၄

အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲမှုအများအပြားဖြစ်ပွားနေပြီး ဓားစာခံတူရကီယာဥ်မောင်းတစ်ဦးမှာလည်း အသတ်ခံခဲ့ရသည်။ ထိုအခြေအနေမျိုးတွင် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များအတွက် ကုန်စည်များကို သယ်ပို့ပေးနေသော လုပ်ငန်းများကို ရပ်ဆိုင်းရန် တောင်းဆိုမှုများ ထွက်ပေါ်လာသည်။ တူရကီ သယ်ယူပို့ဆောင်ရေးအဖွဲ့တစ်ဖွဲ့က အထက်ပါ တောင်းဆိုမှုကို မလိုက်လျောဘဲ ပြီးခဲ့သော အင်္ဂါနေ့က ပြန်လည်အန်တုစိန်ခေါ်လိုက်သည်။

ထုတ်လွှင့်ပြသ

တူရကီ ယာဥ်မောင်းကို ကွပ်မျက်သော အဖြစ်အပျက်ကို ပြီးခဲ့သော တနင်္လာနေ့တွင် အင်တာနက်ဂြိုဟ်တု ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်လွှင့်ပြသသွားခဲ့သည်။ ဓားစာခံကို အဆုံးစီရင်ခြင်းမပြုမီ ပြန်ပေးသမားများက တောင်းဆိုချက်ကို ဖတ်ကြားကြေညာသွားသည်။ ထိုကြေညာချက်က အီရတ်သို့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်ပေးနေကြသော တူရကီကုမ္ပဏီများကို လုပ်ငန်းများ ရပ်ဆိုင်းပေးရန် တောင်းဆိုထားသည်။

တူရကီအပြည်ပြည်ဆိုင်ရာသယ်ယူပို့ဆောင်ရေးအသင်း(ယူအင်ဒီ)က ၎င်းတို့၏ အီရတ်နှင့် တူရကီအကြား ကုန်သယ်ပို့လုပ်နေသောလုပ်ငန်းများကို ရပ်ဆိုင်းခဲ့ကြသည်။ သို့ရာတွင် ရိုဒါခေါ် တူရကီ သယ်ယူပို့ဆောင်ရေးအုပ်စုတစ်စုကမူ ၎င်းတို့၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ရပ်ဆိုင်းမည် မဟုတ်ဟုဆိုသည်။ ယူအင်ဒီ သယ်ပို့အဖွဲ့၏ အဆုံးအဖြတ်မှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကြီးတစ်ခုလုံး၏ သဘောထားနှင့် မကိုက်ညီဟုဆိုသည်။ ရိုဒါအဖွဲ့ကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းပေါင်း ၆၇၀ တို့ဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ ***အင်တာနက်။***

တရုတ်-အာဆီယံအသင်းထူထောင်မှု ညစာစားပွဲ ကျင်းပ

ပေကျင်း ဩဂုတ် ၄

တရုတ်-အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) တရားဝင်ဖွဲ့စည်းထူထောင်သည့် အထိမ်းအမှတ်အဖြစ် ညစာစားပွဲကို တရုတ်ပြည်မြို့တော်ပေကျင်း၌ အင်္ဂါနေ့က ကျင်းပသည်။

ပူးပေါင်းဆောင်ရွက်

တရုတ်ပြည်နှင့် အာဆီယံနိုင်ငံများသည် မကြာသေးမီ နှစ်များအတွင်းက နယ်ပယ်မျိုးစုံ၌ အပြန်အလှန် အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုကို ပြုလုပ်ခဲ့ကြောင်း တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဂူဆောင်လျန်က ညစာစားပွဲတွင် ပြောကြားသည်။

ရင်းနှီးလာ

တရုတ်ပြည်နှင့် အာဆီယံနိုင်ငံများသည် အဆင့်သစ်သို့ ဝင်ရောက်လာရာ နိုင်ငံရေး ဆက်ဆံမှု ရင်းနှီးလာပြီး စီးပွားရေးနှင့် ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေခဲ့ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်-အာဆီယံအသင်း ဖွဲ့စည်းထူထောင်ခြင်းသည် နယ်ပယ်စုံ၌ တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုကိုပို၍ အထောက်အကူပြုရန်နှင့် အပြန်အလှန် ဖလှယ်စေလွှတ်ခြင်း၊ နှီးနှောဖလှယ်ပွဲများနှင့် ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများ ပြုလုပ်ခြင်းဖြင့် တရုတ်ပြည်နှင့် အာဆီယံနိုင်ငံများမှ ပြည်သူများအကြား နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုခိုင်မာစေရန် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်-အာဆီယံ အသင်းသည် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ရေးအတွက် အလွန်အရေးပါကြောင်း နိုင်ငံခြားတိုင်းပြည်များနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးတရုတ်ပြည်သူများအသင်းဥက္ကဋ္ဌချင်ဟောင်ဆူကပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဘဂ္ဂဒက်မြို့တွင်လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဩဂုတ် ၃

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်ရေးသမားများက အဆက်မပြတ် တိုက်ခိုက်လျက်ရှိရာ ဗုံးဖောက်ခွဲ တိုက်ခိုက်မှုများကြောင့် အင်္ဂါနေ့တွင် အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင်သုံးဦး၊ ရဲအရာရှိတစ်ဦးနှင့် ကင်းလှည့်ရဲတပ်ဖွဲ့ဝင်တစ်ဦးတို့ သေဆုံးခဲ့သည်။ ထိုအတောအတွင်း တနင်္လာ နေ့နှောင်းပိုင်းက လမ်းဘေးထောင်ထားသည့်ဗုံး ဘဂ္ဂဒက်မြို့တော်တွင် ပေါက်ကွဲခဲ့ရာ အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

ဘဂ္ဂဒက်မြို့တော်၏ အနောက်ဘက်ရှိ အန်ဘာပြည်နယ်တွင် တိုက်ပွဲဖြစ်ပွားရာ၌ ရရှိခဲ့သည့်ဒဏ်ရာများကြောင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

— ဒဏ်ရာရရှိ —

ဘာကူဘာမြို့မြောက်ဘက်ရှိ ကင်းစခန်း၌ ကားဗုံးပေါက်ကွဲရာတွင် အီရတ် အမျိုးသားအစောင့်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ပြီး အစောင့်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ ဗုဒ္ဓဟူးနေ့ကလည်း ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက် ၃၅ မိုင်အကွာရှိ ဘာကူဘာမြို့မှ ရဲတပ်ဖွဲ့ စုဆောင်းရေးဌာနတွင် ကားဗုံးပေါက်ကွဲခဲ့ရာ လူ ၇၀ သေဆုံးခဲ့ရသည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအားဆက်လက်တိုက်ခိုက်နေမှုကြောင့်အီရတ်နိုင်ငံသားများ၏ လုံခြုံရေးကို ပျက်ပြားစေရာအီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးကို အလျင်အမြန်ဆောင်ရွက်စေခဲ့ရကြောင်း အမေရိကန်စစ်တပ်၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးအိုဘရိုင်ယန်က ပြောကြားသည်။

၂၀၀၃ ခုနှစ် ဧပြီလမှ ၂၀၀၄ ခုနှစ် မေလအတွင်း အီရတ်ရဲတပ်ဖွဲ့ ၇၁၀ ဦးတို့မှာ အီရတ်ခုခံတွန်းလှန်ရေးသမားများ၏ လက်ချက်ကြောင့် သေဆုံးခဲ့ရကြောင်း အီရတ်အာဏာပိုင်များက ပြောကြားသည်။ ***အင်တာနက်။***

ဩဂုတ် ၃ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ သမ္မတ အိမ်တော်ရှေ့တွင် အီရတ်စစ်ပွဲ ဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စစ်ပွဲကာလအတွင်း အီရတ်အရပ်သား သုံးသောင်းခွဲကျော် သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၄

အမေရိကန်တို့ အီရတ်နိုင်ငံအား ၂၀၀၃ ခုနှစ် မတ်လတွင် စတင်ကျူးကျော်ခဲ့ချိန်မှ ၂၀၀၃ ခုနှစ် အကုန်အထိ သေဆုံးသူ အီရတ်အရပ်သားစုစုပေါင်းသည် ၃၇၀၀၀ ရှိသွားပြီဖြစ်ကြောင်း နိုင်ငံတကာ ကြီးစိုးခြယ်လှယ်မှု ဆန့်ကျင်တိုက်ပွဲဝင်ရေးအမည်ရှိ အီရတ် အုပ်စုတစ်စုက ထုတ်ပြန်ကြေညာလိုက်သည်။

၂၀၀၃ ခုနှစ် စက်တင်ဘာလမှ အောက်တိုဘာလအတွင်း စစ်တမ်းကောက်ယူခဲ့သည့် အရပ်သားများသေဆုံးမှုစာရင်းတွင် ယင်းကဲ့သို့ ဖော်ပြထားခြင်းဖြစ်သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံတစ်ဝန်း ဗုံးဖောက်ခွဲမှုများ ဆက်လက်ဖြစ်ပွား

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်နိုင်ငံတစ်ဝန်း ဗုံးဖောက်ခွဲမှုများ ဆက်လက်ဖြစ်ပွားနေရာ အမျိုးသားအစောင့်တပ်ဖွဲ့ဝင်သုံးဦး၊ ရဲတပ်ဖွဲ့အကြီးအကဲတစ်ဦးနှင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦးတို့ သေဆုံးခဲ့ရစဉ် အဖျက်သမားများက အီရတ်နိုင်ငံမြောက်ပိုင်းရှိ ရေနံပိုက်လိုင်းအား ဖျက်ဆီးဖောက်ခွဲကြသောကြောင့် ပေါက်ကွဲသံမြည်ဟည်းကာ မီးဟုန်းဟုန်းတောက်လောင်ခဲ့ပြီး တူရကီနိုင်ငံမှ ပြည်ပသို့ ရေနံတင်ပို့မှုရပ်ဆိုင်းသွားခဲ့ရသည်။ အီရတ်နိုင်ငံက မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်ရေး အခြေအနေသို့ ရောက်ရှိစေမည့် ကြိုးပမ်းမှုများအားနှောင့်ယှက်ဟန့်တားရန်ရည်ရွယ်၍ အဖျက်သမားများက နောက်ဆုံးဖြစ်ရပ်အဖြစ် ရေနံပိုက်လိုင်းအား တိုက်ခိုက်ဖျက်ဆီးမှုကြောင့် ကယ်ကွတ်ရေနံမြေနှင့် တူရကီနိုင်ငံ စီဟန်ဆိပ်ကမ်းသို့ သွယ်တန်းထားသည့် အီရတ်ရေနံပိုက်လိုင်းမှတစ်ဆင့် ပြည်ပသို့ ရေနံတင်ပို့မှုမှာ ရပ်ဆိုင်းသွား ရပြီဖြစ်သည်။

ကယ်ကွတ်မြို့အနောက်ပိုင်း အယ်လ်ဖာတီဟာရေနံပိုက်လိုင်း ကွန်ရက်အနီးထောင်ထားသည့်ဗုံး အကြီးအကျယ်ပေါက်ကွဲခဲ့ပြီး မီးအရှိန်အဟုန်ပြင်းစွာ လောင်ကျွမ်းခဲ့သည်။ အရဏ်ဦးကတိုက်ခိုက်ခဲ့မှုကြောင့် တူရကီနိုင်ငံ စီဟန်ဆိပ်ကမ်းသို့ သွယ်တန်းထားသည့် အထင်ကရရေနံပိုက်လိုင်းထိခိုက်ပျက်စီးခဲ့ရကာ ပြည်ပရေနံတင်ပို့မှုရပ်ဆိုင်းခဲ့ရကြောင်း နာဆာကာဆင်က ပြောကြားသည်။ ဘေဂျီရေနံချက်စက်ရုံနှင့် ကယ်ကွတ်ရေနံမြေဆက်သွယ်ရာ လမ်းမကို အရေးပေါ်လုပ်သားများက မီးငြိမ်းသတ်ရန်အတွက် ပိတ်ထားလိုက်သည်။ မီးလောင်မှုကြောင့် တက်လာသည့်မီးခိုးလုံးကြီးများအား ကယ်ကွတ်မြို့ သွားရာလမ်းတစ်လျှောက်မှ ပင်မြင်နိုင်သည်။ ယင်းအချိန်တွင် အီရတ်နိုင်ငံတောင်ပိုင်းရှိ ဆမ်မာရာမြို့မှ အီရတ်နိုင်ငံသားအလုပ်သမားလေးဦးသေဆုံးသွားခဲ့ကြောင်း ပြင်သစ်အကူအညီပေးအုပ်စုက အတည်ပြုပြောကြားသည်။ ***အင်တာနက်။***

အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်ပုံများ ရိုက်ကူးထားသည့် ဗီဒီယိုတိပ်ခွေ ကန်အစိုးရက ရှာဖွေဖော်ထုတ်ပေးရန် ဗြိတိသျှအကျဉ်းသားဟောင်း တောင်းဆို

လန်ဒန် ဩဂုတ် ၄

အမေရိကန်တပ်ဖွဲ့များက အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းပုံများကိုရိုက်ကူးထားသည့်ဗီဒီယိုတိပ်ခွေအား အမေရိကန်အစိုးရအနေဖြင့် ရှာဖွေဖော်ထုတ်ပေးရန် ဂွာတာနာမိုအကျဉ်းစခန်းတွင် ညှဉ်းပန်းနှိပ်စက်မှုကို ကိုယ်တိုင်ခံစားခဲ့ရသည့် ဗြိတိသျှအကျဉ်းသားဟောင်းတစ်ဦးက တောင်းဆိုလိုက်သည်။

ဂွာတာနာမိုအကျဉ်းစခန်းမှ အစောင့်တပ်ဖွဲ့ဝင်များက မိမိအား ရိုက်နှက်ညှဉ်းပန်းခဲ့ကြောင်း လန်ဒန်မှ လုပ်သားတစ်ဦးဖြစ်သူ အသက် ၂၆ နှစ်အရွယ်ရှိ တာရက်ဒါရိုက မတ်လအတွင်းက လွတ်မြောက်ခဲ့ပြီးနောက် ပြောကြားခဲ့သည်။

သတိမေ့

အစောင့်များက မိမိအား ကြမ်းပြင်ပေါ်ထားကာ မိမိအပေါ် တက်ခုန်ကြကြောင်း၊ ထို့နောက် မိမိအလဲထိုးခံရကာ သတိမေ့သွားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုပြုပုံကို ရိုက်ကူးထားသည့် ဗီဒီယိုတိပ်ခွေများရှိနေသည်ကို မိမိတို့သိရှိကြကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဂွာတာနာမိုအကျဉ်းစခန်း တပ်မှူးက ယင်းကိစ္စအား အတည်ပြုပြောကြားသောကြောင့် ဖြစ်ကြောင်း ဒါရို၏ရှေ့နေ လူးဝစ္စခရစ်တီယန်က ပြောကြားသည်။

ဗြိတိသျှအစိုးရက ယင်းဗီဒီယိုအား အမှန်အကန်ကြည့်ရှုပြီး အမေရိကန်အစိုးရ၏ ပြောကြားမှုအပေါ် အမှီသဟဲမပြုရန် ကိစ္စသည် အရေးကြီးဆုံးဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံခြားရေးဌာနရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက အမေရိကန်တပ်ဖွဲ့ဝင်များသည် ဂွာတာနာမိုအကျဉ်းစခန်းရှိ ဗြိတိသျှအကျဉ်းသားများအား ကိုယ်ထိလက်ရောက်ကျူးလွန်ပြီး နှိပ်စက်ညှဉ်းပန်းပြုနေသည့် စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဗြိတိသျှအင်ဒီပင်းဒင့်သတင်းစာက တနင်္ဂနွေနေ့က ရေးသားသည်။

တုံ့ပြန်မှုမရသေး

နိုင်ငံခြားရေးရုံးက အမေရိကန်အစိုးရအား ယင်းဗီဒီယိုတိပ်ခွေမျိုး ရှိ၊ မရှိ အတည်ပြုပေးရန် မေတ္တာရပ်ခံသည်ဟု ပြောကြားသည်။ သို့ရာတွင် အမေရိကန်အစိုးရထံမှ တုံ့ပြန်မှုမရသေးဟု ဆိုသည်။

လွတ်လာ

ဒါရိုအပါအဝင် ဗြိတိသျှအကျဉ်းသားငါးဦးကို ဂွာတာနာမိုအကျဉ်းစခန်းတွင် နှစ်နှစ်ကျော်ထိန်းသိမ်းထားရာမှ မတ်လအတွင်းက လွတ်ပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဩဂုတ် ၃ ရက်က တူရကီနိုင်ငံသား ခါးစာခံတစ်ဦးအား အီရတ် ခုခံတိုက်ခိုက်ရေးသမားများက ဖမ်းဆီးထားပုံကို ဗီဒီယိုတိပ်ခွေမှ ထုတ်လွှင့်ပြသနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နှစ်ဦးအား မြစ်ထဲသို့ ခုန်ချခိုင်းမှု ဗြိတိသျှတပ်ဖွဲ့ဝင်များအား အရေးယူစစ်ဆေး

ဖို့ဒ်ကာဆန် ဩဂုတ် ၃

နေဝင်မီးငြိမ်းအမိန့်ကို မလိုက်နာသည့်အတွက် အီရတ်အရပ်သား နှစ်ဦးအား အပြစ်ပေးသည့်အနေဖြင့် တံတားပေါ်မှ မြစ်ထဲသို့ ခုန်ချရန်စေခိုင်းသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များအား ယင်းကိစ္စကို ဖုံးဖိထားရန်မှာကြားထားကြောင်းဖြင့် တပ်မှူးသုံးဦးက ဝန်ခံပြောဆိုသည်။

မြင်တွေ့

အီရတ်အရပ်သားနှစ်ဦးသည် တိုက်ဂရစ်မြစ်အတွင်းသို့ ခုန်ချခဲ့ပြီး နှစ်ဦးအနက်တစ်ဦးမှာ ရေနစ်သေဆုံးရသည်ဟု ၎င်းတို့၏ မိသားစုဝင်များက ပြောဆိုသည်။ သို့သော် တပ်မှူးများကမူ တစ်ယောက်မျှမသေကြောင်း၊ ရေထဲမှ ဘေးအန္တရာယ်မရှိ တက်သွားသည်ကို တပ်ဖွဲ့ဝင်များက မြင်တွေ့ကြောင်းဖြင့် အခိုင်အမာ ပြောဆိုသည်။

ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦးကို ထိုကိစ္စနှင့်ပတ်သက်၍ စစ်ခုံရုံးတင်သင့်၊ မတင်သင့် ဆုံးဖြတ်ရန် တပ်မှူးများကို သောကြာနေ့၌ တတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် စစ်ဆေးသည်။ ဇန်နဝါရီ ၃ ရက်က ယင်းအဖြစ်အပျက်အတွက် သူ၏အောက်မှ တပ်ဖွဲ့ဝင်များတွင် တာဝန်ရှိကြောင်း ဗိုလ်ကြီးမက်သူးကန်နင်းဂမ်က ပြောကြားသည်။

အီရတ်အရပ်သား ရေနစ်သေဆုံးသည်ဆိုခြင်းမှာ သက်သက် လုပ်ကြံပြောဆိုခြင်းသာဖြစ်သည်ဟုလည်း ၎င်းက ပြောဆိုသည်။

တပ်ဖွဲ့ဝင်များကို ယင်းကိစ္စ ရေငုံနှုတ်ပိတ်ရန်မှာခြင်းမှာ ၎င်းတို့အား အထက်အရာရှိများက အရေးယူမည်ကို စိုးရိမ်၍ဖြစ်ကြောင်း ဗိုလ်ကြီးမက်သူးကန်နင်းဂမ်နှင့် အခြားတပ်မှူးများက ပြောဆိုသည်။ ***အင်တာနက်။***

ဩဂုတ် ၁ ရက်က ဘဂ္ဂဒက်မြို့တောင်ဘက်တွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများအနီး လုံခြုံရေးဆောင်ရွက်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ရဲအရာရှိ ၁၈ ဦး ပြန်ပေးဆွဲခံထားရ

နာဂျက်ဖ် (အီရတ်) ဩဂုတ် ၃

ရှီးယိုက် အစွန်းရောက် ဘာသာရေးခေါင်းဆောင် အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်များက အီရတ်အာဏာပိုင်များ ဖမ်းဆီးထားသည့် အီရတ်ခုခံတိုက်ခိုက်ရေးသမားများအား လွှတ်ပေးစေနိုင်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် အသုံးပြုနိုင်ရန်ရည်ရွယ်၍ အီရတ်နိုင်ငံသား ရဲအရာရှိ ၁၈ ဦးအားပြန်ပေးဆွဲထားကြောင်း ရဲတပ်ဖွဲ့က အင်္ဂါနေ့ကပြောကြားသည်။

အယ်လ်ဆာဒါ၏ လက်ထောက်များက အာဏာပိုင်များသည် ဘာသာရေးအစွန်းရောက် အယ်လ်ဆာဒါ၏ မာဒီလက်နက်ကိုင်တပ်မှ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်များအား ဖမ်းဆီးရန်ကြိုးပမ်းနေကြောင်း စွပ်စွဲပြောကြားနေစဉ်တွင် ပြန်ပေးဆွဲမှုများ မကြာမီက ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ယင်းသို့ နောက်ထပ်ဖြစ်ပေါ်လာသည့် တင်းမာမှုအခြေအနေကြောင့် မာဒီလက်နက်ကိုင်တပ်နှင့် အီရတ်အာဏာပိုင်များအတွင်း ပြုလုပ်ထားသော အခြေမခိုင်သည့် အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် ပျက်ပြယ်ရန် ခြိမ်းခြောက်လျက်ရှိနေသည်။ အယ်လ်ဆာဒါ၏ နောက်လိုက်များက အမေရိကန်တပ်ဖွဲ့ဝင်များအား ဧပြီလကတည်းက နှစ်လကြာ တွန်းလှန်တိုက်ခိုက်ခဲ့ကြရာ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် အကြိမ်ကြိမ်ချခဲ့ပြီးမှ ရပ်စဲသွားခဲ့ကြသည်။ သို့ရာတွင် အမေရိကန် မရိန်းတပ်ဖွဲ့နှင့် ဆာဒါ၏ လက်နက်ကိုင်တပ်တို့သည် ရှီးယိုက်ခေါင်းဆောင်၏ နေအိမ်အနီးတွင် တနင်္လာနေ့က တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အမျိုးသမီးတစ်ဦးနှင့် ဘေးမှရပ်ကြည့်နေသူသုံးဦး သေဆုံးခဲ့ကြရသည်။

ဖမ်းဆီးခဲ့

မာဒီ လက်နက်ကိုင်တပ်များသည် ၎င်းတို့၏ ရဲဘော်အချို့ အကျဉ်းချထားရာမှ လွတ်မြောက်နိုင်ရေး မှန်းမျှော်ကာ ရဲအရာရှိ ၁၈ ဦးနှင့် ရဲကားနှစ်စီးကို မကြာမီရက်များအတွင်း ဖမ်းဆီးခဲ့ကြသည်ဟု နာဂျက်ဖ်ရဲဌာနမှ အမည်မဖော်လိုသူ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ရဲတပ်ဖွဲ့ဝင် အများအပြား ပြန်ပေးဆွဲခံကြရကြောင်း နာဂျက်ဖ် အုပ်ချုပ်ရေးမှူး အယ်လ်ဇူရူဖီက အတည်ပြုပြောကြားသည်။ နာဂျက်ဖ် ရဲတပ်ဖွဲ့က ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များထံမှ အမိန့်များ စောင့်ဆိုင်းလျက်ရှိသည်။ မည်သည့် ရဲတပ်ဖွဲ့ဝင်များမဆို အယ်လ်ဆာဒါ၏ရုံးခန်း သို့မဟုတ် ၎င်း၏စခန်းများတွင် ထိန်းသိမ်းထားသည့် သတင်းများအား အယ်လ်ဆာဒါ၏ ပြောရေးဆိုခွင့်ရှိသူ အယ်လ်ရှိုင်ဘန်နီက ငြင်းဆိုပြောကြားသည်။

စွပ်စွဲ

အီရတ်ရဲတပ်ဖွဲ့သည် မာဒီလက်နက်ကိုင်တပ်အား ဝင်ရောက်စီးနင်းတိုက်ခိုက်မှုများ အကြိမ်ကြိမ် ပြုလုပ်နေပြီး နာဂျက်ဖ်၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်အန္တရာယ်ပေးနေကြောင်း ၎င်းက စွပ်စွဲပြောကြားသည်။

ရဲတပ်ဖွဲ့က ကူဖာမြို့တက္ကသိုလ်ရှိ အယ်လ်ဆာဒါ၏ နောက်လိုက်တစ်ဦးအား သောကြာနေ့က ဖမ်းဆီးရန် ကြိုးပမ်းခဲ့ကြောင်း၊ သို့ရာတွင် တက္ကသိုလ်ဌာနမှူးက ၎င်းတို့အား မောင်းထုတ်ခဲ့ကြောင်း၊ နာဂျက်ဖ်မြို့တွင် စီးနင်းဝင်ရောက်မှုနှင့် ဖမ်းဆီးမှုများ အများအပြားဖြစ်ပွားခဲ့ကြောင်း အယ်လ်ရှိုင်ဘန်နီလာက ထပ်လောင်းပြောကြားသည်။ ၎င်းက လူများ မည်သို့မည်ပုံ အဖမ်းခံရပုံကို မပြောကြားပေ။

တွေ့ခဲ့မှု

အီရတ်ရဲတပ်ဖွဲ့နှင့် မရိန်းတပ်ဖွဲ့ဝင်များအတွင်း အယ်လ်ဆာဒါနေအိမ်အပြင်ဘက်တွင် တနင်္လာနေ့က ထိပ်တိုက် ရင်ဆိုင်တွေ့ခဲ့မှုနှင့် စပ်လျဉ်း၍ အီရတ်ရဲတပ်ဖွဲ့နှင့် ပတ်သက်မှုမရှိကြောင်း နာဂျက်ဖ် ရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။ ***အင်တာနက်။***

ဆလိုဗက်နိုင်ငံသား စစ်ဘက်အင်ဂျင်နီယာအုပ်စု ဌာနေပြန်လည်ရောက်ရှိ

ဘာရက်တီဆလာဗာ ဩဂုတ် ၄

ဆလိုဗက်နိုင်ငံသား စစ်ဘက်အင်ဂျင်နီယာ ၉၆ ဦးပါဝင်သည့် အုပ်စုတစ်စုသည် ပုံမှန်အလှည့်ကျ ပြောင်းရွှေ့ရေး အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အီရတ်နိုင်ငံ တောင်ပိုင်းဒေသမှ ဆလိုဗက်နိုင်ငံသို့ အင်္ဂါနေ့က ပြန်လည်ရောက်ရှိလာသည်။

မိမိတို့ ပင်ပန်းနွမ်းနယ်လှကြောင်း၊ သို့ရာတွင်ဌာနေပြန်ရ၍ ပျော်ရွှင်ကြကြောင်း တပ်မှူး ကာရိုနက်ရာတီလ်က ပြောကြားသည်။

အီရတ်အစိုးရသည် ဇွန် ၂၈ ရက်က အာဏာရရှိခဲ့ပြီးနောက် အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေမှာ တိုးတက်လာမှုမရှိသလို သည်းခံနိုင်ဖွယ်ရာမရှိသည့် အပူရှိန်၏ နှိပ်စက်မှုကိုလည်း ခံစားခဲ့ရကြောင်း အင်ဂျင်နီယာအချို့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တိုက်ခိုက်မှုကြောင့် ၂၄ နာရီအတွင်း အီရတ်၌ ကန်တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၄

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များ၏ သတင်းပြန်ကြားရေးရုံးက အင်္ဂါနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့အနောက်ဘက် အယ်လ်အန်ဘာပြည်နယ်တွင် တိုက်ပွဲဖြစ်ပွားခဲ့စဉ်အတောအတွင်း ရရှိခဲ့သည့်ဒဏ်ရာများကြောင့် အမေရိကန်မရိန်း တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။ တနင်္လာနေ့နှောင်းပိုင်းက ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

သေဆုံး

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးမှာ တိုက်ခိုက်မှုကြောင့်မဟုတ်ဘဲ သေနတ်ဒဏ်ရာရရှိပြီး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်မြေပြင်ဌာနချုပ်က အင်္ဂါနေ့တွင် ပြောကြားသည်။ ထိုအတောအတွင်း အင်္ဂါနေ့က မော်တော်ယာဉ် မတော်တဆမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

အင်တာနက်။

ပဏ္ဍိတာရာမရိပ်သာ ဝါဆိုသင်္ကန်း ဆက်ကပ်မည်

ရန်ကုန်   ဩဂုတ်   ၅

ဆယ်မိုင်ကုန်း ပဏ္ဍိတာရာမ တောစခန်းရိပ်သာတွင် (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်(စနေနေ့) နံနက် ၈ နာရီတွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ကုသိုလ်ပါဝင်လိုသူများ သင်္ကန်းဒွိစုံတစ်စုံလျှင် ကျပ် ၂၀၀၀ နှုန်း၊ ဆွမ်းအလှူ တစ်ပါးလျှင် ကျပ် ၅၀၀ နှုန်းဖြင့် ၁၀မိုင်ကုန်း ပဏ္ဍိတာရာမ တောစခန်းရိပ်သာတွင် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ဖြိုးခြင်းချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်း (၆)

အောင်မိုးစံ

ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်ကူးပြောင်းနေတဲ့ မြန်မာနိုင်ငံအဖို့ ထာဝရရန်ဘက်၊ ထာဝရမိတ်ဖက်ရယ်လို့ မရှိနိုင်ပါ။ ဒါပေမယ့် ရန်ဘက်၊ မိတ်ဖက် မှန်ကန်စွာခွဲခြားကျင့်သုံးနိုင်ဖို့ လိုပါတယ်။ ဒါမှသာ ဒီမိုကရေစီနိုင်ငံတော်ကို ဘေးအန္တရာယ်အနည်းဆုံးနဲ့ ထူထောင်သွားနိုင်မယ်ဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများ ဒီမိုကရေစီ ထူထောင်ရာတွင် ရန်ဘက်အသွင်များကို ခုလိုတွေ့ရပါတယ်။

(၁) ဈေးကွက်စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ဗဟိုက ချုပ်ကိုင်တဲ့ ဆိုရှယ်လစ် စီးပွားရေးစနစ် ထူထောင်လိုမှု။
(၂) ပါတီစုံဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်လာရေးအတွက် ထူထောင်တက်လှမ်းနေမှုအပေါ် ဆုတ်ယုတ်ပျက်ပြားအောင် ပိတ်ဆို့အရေးယူမှုများ။
(၃) အမျိုးသား သင့်မြတ်စည်းလုံးရေးကို သွေးထိုးမြှောက်ပင့်ဖြိုခွဲမှုများ။
(၄) ဒီမိုကရေစီပန်းတိုင်ကို ကြားခုလတ် စခန်းထောက်တွေ မပါဘဲ မိုက်မဲစွာ ခုန်ပျံကျော်လွှားလိုမှု။ (လက်ယာစွန်း စိတ်ကူးယဉ်ဒီမိုကရေစီလမ်းစဉ်ကို ကျင့်သုံးလိုမှု)
(၅) မိမိတို့ လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်သော ဒီမိုကရေစီ ထူထောင်ရေးလမ်းစဉ်ကို ဆန့်ကျင်မှုတို့ဖြစ်ပါတယ်။

မိတ်ဖက်အသွင်တွေကတော့ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ ဒီမိုကရေစီရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကြိုးပမ်းမှုတို့အပေါ် ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဆန္ဒစွဲကင်းစွာ ကာလဒေသ၊ အခြေအနေ အချိန်အခါနဲ့အညီ အပြုသဘော ကူညီမှု၊ အားပေးမှုဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနိုင်ငံတော်ကို မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ထူထောင်နေချိန်ဖြစ်ပါတယ်။ ဒီမူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံတော်ကို မလွဲကေန် ထူထောင်သွားမယ်ဖြစ်ပါတယ်။ အခြေခံအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီး ပြန်လည်စတင်ကျင်းပပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖြစ်ပေါ်လာရေးအတွက် အခြေခံမှုများကို ညှိနှိုင်းဆွေးနွေးနေပြီ ဖြစ်ပါတယ်။

အဲဒီလို မိမိတို့လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်စွာ ချမှတ်ထားတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံတော်ကို တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ ထူထောင်သွားနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရဟာ ပါတီအဖွဲ့အစည်းအသီးသီး၊ တိုင်းရင်းသားလူမျိုးအသီးသီး၊ လူတန်းစားအသီးသီး၊ အလွှာအသီးသီးက ကိုယ်စားလှယ်များကိုသာမက အခြားဖိတ်ကြားသင့်တဲ့ ပုဂ္ဂိုလ်တွေကိုပါ တာဝန်ကျေပွန်စွာ ဖိတ်ကြားခဲ့ပါတယ်။ အမျိုးသားသင့်မြတ် စည်းလုံးရေး၊ ဒီမိုကရေစီရေး လမ်းမှန်ပေါ်သို့ မရောက်နိုင်သေးတဲ့ အဖွဲ့အစည်းများကိုလည်း ဆက်လက် ဖိတ်ခေါ်ဆဲပင် ဖြစ်ပါတယ်။

အဲဒီလို ကျန်ရှိနေတဲ့ အဖွဲ့အစည်းများအနေဖြင့်လည်း အနောက်ဥရောပ ဒီမိုကရေစီစံကို ပုံတူကူး ကျင့်သုံးလိုမှုတွေနဲ့ ခေတ်နောက်ကျ လူ့အဖွဲ့အစည်းတွေမှာ ပေါ်ပေါက်လေ့ရှိတဲ့ မူဝါဒရေးထက် ပုဂ္ဂိုလ်ရေး ဦးစားပေးမှုတွေ၊ သူ့ရဲကောင်း ကိုးကွယ်လိုမှုတွေ၊ လက်စားချေရေးအမြင်တွေအပေါ်မှာ လေဟုန်စီးမနေတော့ဘဲ ပြန်လည်သုံးသပ်ဆင်ခြင်သင့်ပါတယ်။

စီးပွားရေးပိတ်ဆို့ အရေးယူမှုကအစ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်မှုဆိုးကျိုးတွေကို ပြည်သူတွေ ၁၅ နှစ်တိုင် ခါးသီးစွာ ခံစားကြုံတွေ့လာခဲ့ရပြီ ဖြစ်ပါတယ်။ အမှန်တကယ် ပြည်သူဘက်က ရပ်တည်မယ်ဆိုရင် ပြည်သူတွေကို အထိနာစေတဲ့ ပြည်ပက စီးပွားရေးပိတ်ဆို့ အရေးယူမှုတွေကို ကာကွယ်တိုက်ဖျက်သွားဖို့ လိုပါတယ်။ ပြည်ပက သွေးထိုးမြှောက်ပင့် ဖြိုခွဲမှုတွေကိုလည်း တိုင်းရင်းသား အင်အားစုချင်း ရင်ချင်းအပ် ကျောချင်းကပ်ပြီး စည်းလုံးညီညွတ်စွာ ခုခံကာကွယ်သွားဖို့ ဖြစ်ပါတယ်။ သွေးမကွဲအောင် စည်းလုံးသွားဖို့ ဖြစ်ပါတယ်။

ပြည်ပနိုင်ငံကြီးအချို့ရဲ့ ဩဇာခံဖြစ်ရေးအတွက် အကျပ်ကိုင် ဖိအားပေးစွက်ဖက်မှုတွေကိုလည်း မျိုးချစ်စိတ်ပြည့်ဝစွာ လက်တွဲကာကွယ်တော်လှန်သွားဖို့ ဖြစ်ပါတယ်။ အထူးသဖြင့် ပြည်သူတွေကို အန္တရာယ်ဖြစ်စေသော ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေး၊ မစေ့စပ်ရေးလမ်းစဉ်ကို စွန့်လွှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်ကို အကောင်အထည်ဖော်နေတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ကို လက်တွဲပူးပေါင်း ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ အခုလို လက်တွေ့ကျတဲ့ အမျိုးသားရေးတာဝန်ကို မကျေပွန်ဘူးဆိုရင်တော့ အနောက်ဒီမိုကရေစီကို ချက်ချင်းပုံတူကူးရေး စိတ်ကူးယဉ် အဆိုးသံသရာက လွတ်မြောက်နိုင်မယ် မဟုတ်ပါ။ ဘာကြောင့်လဲဆိုတော့ အနောက်ဥရောပ ဒီမိုကရေစီစံတွေဟာ မြန်မာလူမှုဘဝနဲ့ မကိုက်ညီနိုင်လို့ဖြစ်ပါတယ်။ စီးပွားရေး၊ နိုင်ငံရေးဘဝတွေ၊ သမိုင်းကြောင်း နောက်ခံတွေခြားနားနေရုံမက မတူညီတဲ့ ယဉ်ကျေးမှုတံတိုင်းကလည်း ကာဆီးနေလို့ဖြစ်ပါတယ်။

ယဉ်ကျေးမှုအစစ်ပင် ဖြစ်တယ်လို့ ဆိုရပါမယ်၊ ဒါကြောင့် အမျိုးသားအားလုံးရဲ့ အမြုတေအနှစ်သာရ ဟူသမျှတို့ဟာ အမျိုးသားအားလုံးရဲ့ ယဉ်ကျေးမှုပေပဲလို့ မှတ်ယူရပါလိမ့်မယ်။

ဒါကြောင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ခဲ့ချိန်ကစပြီး ဒီကနေ့တည်ဆဲ တပ်မတော်အစိုးရဟာ ဒီမိုကရေစီနိုင်ငံတော်ကို အပြောမဟုတ်၊ မိမိတို့ လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်တဲ့ စီးပွားရေး ဦးတည်ချက်(၄)ရပ်၊ နိုင်ငံရေး ဦးတည်ချက်(၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ် ချမှတ်ပြီး အလုပ်နဲ့ လက်တွေ့ထူထောင်လာတဲ့ အစိုးရဖြစ်ပါတယ်။ ဗဟိုက ချုပ်ကိုင်တဲ့ ဆိုရှယ်လစ်စီးပွားရေး၊ နိုင်ငံရေးစနစ်ကို ဖျက်သိမ်းပြီး ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံး အကောင်အထည်ဖော်လာခဲ့ပါတယ်။ ပါတီစုံရွေးကောက်ပွဲ ကျင်းပပေးခဲ့ပါတယ်။ အရွေးချယ်ခံ ကိုယ်စားလှယ်များနဲ့ လူထုလူတန်းစားအသီးသီး၊ အလွှာအသီးသီး၊ တိုင်းရင်းသားလူမျိုးအသီးသီး

တပ်မတော်အစိုးရဟာ ဒီမိုကရေစီနိုင်ငံတော်ကို အပြောမဟုတ်၊ မိမိတို့ လူ့အဖွဲ့အစည်းနဲ့ ကိုက်ညီမှန်ကန်တဲ့ စီးပွားရေး ဦးတည်ချက်(၄)ရပ်၊ နိုင်ငံရေး ဦးတည်ချက်(၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ် ချမှတ်ပြီး အလုပ်နဲ့ လက်တွေ့ ထူထောင်လာတဲ့ အစိုးရဖြစ်။

ယဉ်ကျေးမှုနဲ့ ပတ်သက်လို့ ၁၉၆၂ ခုနှစ်ထုတ် အမျိုးသားယဉ်ကျေးမှုစာစောင်အမှတ်(၁)တွင် မြန်မာစာပါမောက္ခ ဦးအေးမောင်က အခုလို ရေးသားခဲ့ပါတယ်–

"ယဉ်ကျေးမှုအစစ်သည် လူ့အနှစ်အမြုတေ ရတနာပင်ဖြစ်ကြောင်း ကောင်းစွာသိရှိကြပေလိမ့်မည်။ ပထဝီအနေအထားကိုလည်းကောင်း၊ လူနေမှုစနစ် ဓလေ့ထုံးစံကိုလည်းကောင်း၊ ဆင်ယင်ထုံးဖွဲ့မှုကိုလည်းကောင်း၊ ပန်းချီ၊ ပန်းပု၊ အဆိုအတီး၊ အကအပြတို့ကိုလည်းကောင်း၊ ကိုးကွယ်သည့်ဘာသာ အယူဝါဒကိုလည်းကောင်း၊ အရေးအသား အတွေးအခေါ် စသည်တို့ကို လည်းကောင်း မှီတွယ်၍ ယဉ်ကျေးမှုသဘောတရားများ ဖြစ်ပေါ်လာလေ့ရှိသည်။ အကယ်စင်စစ် ကောင်းမွန်သော အမျိုးသားယဉ်ကျေးမှုဟူသည် အမျိုးသားစိတ်ဓာတ် အခြေခံရှိရမည်။ အမျိုးသားသဘောတရား သက်ဝင်ကိန်းအောင်းနေရမည်။ အမျိုးသားစိတ်၊ အမျိုးသားသဘောတရား ကင်းကွာဆိတ်သုဉ်းခဲ့လျှင်ဖြစ်စေ၊ ခေါင်းပါးခဲ့လျှင်ဖြစ်စေ၊ ဆန့်ကျင်ခဲ့လျှင်ဖြစ်စေ၊ မဆီလျော်ခဲ့လျှင်ဖြစ်စေ၊ ဤယဉ်ကျေးမှုမျိုးသည် အမျိုးသားယဉ်ကျေးမှုအစစ်အမှန်ဟု မမှတ်ယူထိုက်ချေ။ မှတ်ယူလက်ခံကျင့်သုံးခဲ့လျှင်ကား မိမိတို့ အမျိုးသားတစ်ရပ်လုံးနှင့်တကွ မိမိတို့တိုင်းပြည်ကို ပစ်ပယ်ရာကျလိမ့်မည်၊ မထိမဲ့မြင်ပြုရာလည်း ရောက်ပေလိမ့်မည်။"

ယဉ်ကျေးမှုဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ကို တွေးရှုလိုက်မယ်ဆိုရင် အင်မတန်နယ်ကျယ်ကြောင်း တွေ့ရပါတယ်။ လူမှုသူမှုဟူသမျှတွေနဲ့ ဆက်စပ်နေတာကိုလည်း ထင်လင်းစွာ သိသာနိုင်ပါတယ်။ အကျဉ်းချုပ်အားဖြင့် အစီရင်ခံရမယ်ဆိုရင် ယဉ်ကျေးမှုထဲမှာ ကိုးကွယ်တဲ့ဘာသာ၊ အုပ်ချုပ်ရေးနှင့် ပေါင်းသင်းဆက်ဆံရေး ဓလေ့ထုံးစံများ၊ အနုသုခုမ ပညာတို့ဟာ အကျုံးဝင်လျက်ရှိတယ်လို့ ဆိုရပေမယ်။ အနုသုခုမ ပညာထဲမှာလည်း စာပေအရေးအသား ပညာရယ်၊ တူရိယာအတီးအမှုတ် အဆိုအက ပညာရယ်၊ ပန်းချီ၊ ပန်းပု၊ ဗိသုကာပညာရယ် အဲဒီသုံးခု ပါဝင်နေပြန်ပါတယ်။ ထို့ထက် အတိုချုံးရမယ်ဆိုရင်တော့ "လူ့လောကရဲ့ အမြုတေ အနှစ်သာရ" ဟူသမျှတို့ဟာ လူလောကရဲ့

တို့က ကိုယ်စားလှယ်များပါဝင်ပြီး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသွားဖို့ အမျိုးသားညီလာခံကြီးကို ခေါ်ယူကျင်းပပေးခဲ့ပါတယ်။ အဲဒီမှာ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးနဲ့ သူ့ဖြူရင် ငါမည်းမယ်ဆိုတဲ့ အတိုက်အခံပြုမှုတွေ ပေါ်ပေါက်တဲ့အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနဲ့ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအတွက် အချိန်ကြာညောင်းလာခဲ့ရပါတယ်။ ဒါပေမယ့် နိုင်ငံတော်ကို ဘယ်ခေတ်ဘယ်အခါနဲ့မှမတူအောင် ထူထောင်လာနိုင်ခဲ့တယ်။ အမျိုးသား ပြန်လည်သင့်မြတ် စည်းလုံးရေးကိုလည်း ဘယ်ခေတ်ဘယ်အခါနဲ့မှမတူအောင် တည်ဆောက်လာနိုင်ခဲ့တယ်။ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာကြတဲ့ လူမျိုးစုတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကို ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ပိုင်ခွင့်ပေးနေမှုတွေဟာ လွတ်လပ်တန်းတူတဲ့ ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးအတွက် ဦးတည်ဆောင်ရွက်မှုများဖြစ်ပါတယ်။ ဒီကနေ့လို ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလာတဲ့အတွက် ပြည်နယ်၊ ပြည်မရှိ ပြည်သူတွေဟာ လွတ်လပ်စွာ ကုန်ထုတ်ကုန်သွယ်မှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်လာနေကြပြီး လမ်းပန်းဆက်သွယ်ရေးတွေကလည်း နယ်စပ်ဒေသများအထိ လုံခြုံချောမွေ့လာတဲ့အတွက် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်တွေလည်း ပိုမိုခိုင်မြဲ တိုးတက်လာခဲ့ကြပါတယ်။

ဒါကြောင့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည် ဖော်လာခဲ့တာဖြစ်ပါတယ်။ ဒီမူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ဒီဋ္ဌမမ္မ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာမယ်ဆိုတာကို လုံးဝသံသယဖြစ်ဖွယ်ရာ မလိုပါ။ ဒီမိုကရေစီရေးအတွက် ဓားဒကတက်စရာလည်း မလိုတော့ပါ။ တောင်းဆိုတိုက်ပွဲဝင်စရာလည်း မလိုတော့ပါ။ ဘာကြောင့်လဲဆိုတော့ ဒီမူဝါဒလမ်းစဉ်(၇)ရပ်ဟာ နိုင်ငံတော်ကို တစ်ခေတ်ပြောင်းနေသော သမိုင်းမော်ကွန်းဖြစ်တယ်ဆိုတာကို တင်ပြလိုက်ရပါတယ်။ ။

စည်ပင်လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ရန်ကုန်   ဩဂုတ်   ၅

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေသည် ဇူလိုင် ၁၇ ရက်က ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့တွင်းလမ်း တောင်စဉ်မင်းကြီးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် စည်ပင်သာယာအဖွဲ့ပိုင် ဗိုလ်ချုပ်ပန်းခြံအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအုန်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဟန်ထွေးတို့က ရှင်းလင်းပြသကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၅

ပုသိမ်အသင်း(ရန်ကုန်) အကြိမ်(၂၀) မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို အမှတ် (၂၁/၄၃ စီ) ကြားတောရလမ်း ဗဟန်း ဧရာဝတီတိုင်း ဓမ္မာရုံ၌ ဩဂုတ် ၁၅ရက်(တနင်္ဂနွေနေ့) နံနက်၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ထို့ပြင် အလှူငွေပေးအပ်ပွဲကိုပါ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဦးသန်းထွန်း (ဥက္ကဋ္ဌ) ဖုန်း–၆၆၃၂၄၂၊ ဦးလေးတင့် ဘဏ္ဍာရေးမှူး ဖုန်း–၂၂၁၉၇၈၊ ဦးကျော်ကျော်ဝင်း ဖုန်း–၂၄၂၇၆၂၊ ပုသိမ်အသင်းတိုက် ဖုန်း–၃၇၉၂၅၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆–၈–၂၀၀၄ (သောကြာနေ့)

- ၄း၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၃၅ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Cost Accounting (Control of Material Cost) **(ဒုတိယနှစ်–စီးပွား/စီမံ)**
- ၅း၃၀ ၁၀။ ပညာခေတ်
- ၅း၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်" (အပိုင်း–၁၄)**
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
  - ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
  - ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမှန်တရားဘက်ကလှုပ်ရှားစားသမား" (အပိုင်း–၂၇)**
  - ၂၅။ သင့်အတွက်မနက်ဖြန်
  - ၂၆။ အပိတ်နှုတ်ဆက်စကား
  - ၂၇။ ပြီးပါပြီ။

လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေး အထောက်အကူပြု တံတားကြီးများ

တိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာရေး လွယ်ကူချောမွေ့စေရေးအတွက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် စစ်ကိုင်းတိုင်း ကလေးမြို့နယ် နတ်ချောင်းရွာအနီး ပန်းမွန်ချောင်းပေါ်ရှိ ပေ ၂၂၀ ရှည် ပန်းမွန်ချောင်းတံတားကို တွေ့ရစဉ်။

(ဓာတ်ပုံ-ကလေးဝင်းသူ)

ရောဝတီတံတား(ရတနာပုံ)

မန္တလေးတိုင်း၊ အမရပူရမြို့နယ် မန္တလေး-စစ်ကိုင်းလမ်းပေါ်ရှိ ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးလုပ်ငန်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

မွန်ပြည်နယ်တွင် သံလွင်မြစ်ကိုဖြတ်၍ မော်လမြိုင်မြို့နှင့်မုတ္တမကို ဆက်သွယ်တည်ဆောက်လျက်ရှိသော ၁၁၅၇၅ ပေရှည် သံလွင် တံတား(မော်လမြိုင်)သည် မြန်မာနိုင်ငံ၌ အရှည်ဆုံးနှင့် ကားရောရထားပါ အသုံးပြုနိုင်မည့် တံတားကြီးတစ်စင်းဖြစ်သည်။

(ဓာတ်ပုံ-ကြေးမုံ)

❀ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေ့ဦးစွာ ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဌေးဝင်းက ရေစကြိုမြို့နယ်၏ တည်နေရာ၊ အကျယ်အဝန်း၊ မြေသယံဇာတ၊ ရေသယံဇာတ၊ ၂၀၀၃-၂၀၀၄ခုနှစ် သီးနှံစိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဩဂုတ် ၄ရက်က ရေစကြိုမြို့နယ် ပခန်းကြီးကျေးရွာတွင်သရက္ခန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။
(သတင်းစဉ်)

စက်၊ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တစ်စုံစီတို့ကို သက်ဆိုင်ရာကျောင်းအုပ်ဆရာမကြီးများထံ ပေးအပ်သည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ပညာရေး၊ ကျန်းမာရေး၊စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တာဝန်ရှိသူများနှင့်ညှိနှိုင်း၍ ပံ့ပိုးပေးသင့်သည်များကို ပံ့ပိုးဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ရေစကြိုမြို့နယ်သို့ ပခန်းကြီး၊ ပခန်းငယ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် လာရောက်ခဲ့ချိန်မှစတင်၍ မကြာခဏ ရောက်ရှိခဲ့ပြီး မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်

ခြောက်သွေ့ပြီးရေနည်းပါးသည့် ဒေသနှင့်ကိုက်ညီသော အထွက်တိုးစပါးမျိုးသစ်များ သုတေသန
မွေးမြူရေးကဏ္ဍတွင်လည်း စံပြမွေးမြူရေးခြံ ထူထောင်ပေးမှုအပါအဝင်ကူညီအားပေးမှု



ပျိုးနိုင်မှု၊ ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါးစိုက်ပျိုးပြီးစီးမှု၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးပြီးစီးမှု၊ ဒေသဝမ်းစာဆန်၊ ဆီနှင့် ပဲမျိုးစုံဖူလုံမှု၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု၊ စီးပွားရေး၊မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများနှင့် လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ပညာရေး၊ ကျန်းမာရေးဆောင်ရွက်ချက်များနှင့် ပံ့ပိုးစေလိုသော လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရေစကြိုမြို့ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီစီဒီ

အလှူရှင် ဦးအောင်သန်းနှင့် ဇနီး ဒေါ်ခင်သန်းဦး (ကံပွင့်သနပ်ခါးအမွှေးတိုင်)တို့က ရေစကြိုမြို့ တိုးချဲ့မြို့သစ်(တမာတန်း)၌ ဆောက်လုပ်လှူဒါန်းသော ဒေါ်ဦး ဘိုးဘွားရိပ်သာကိုတွေ့ရစဉ်။ (သတင်းစဉ်)

လိုအပ်မှုများကို ကူညီပံ့ပိုးခဲ့ပြီး ဖြစ်ကြောင်း။

မြင့်မားလာ

စိုက်ပျိုးရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဒေသအတွင်း မြစ်ရေတင်စီမံကိန်းများ အမြောက်အမြားတည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ဒေသ၏စိုက်ပျိုးရေးလုပ်ငန်းများလည်း များစွာတိုးတက်မြင့်မားလာခဲ့ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၄ရက်က ပခုက္ကူခရိုင် ရေစကြိုမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)အတွက် ရုပ်မြင်သံကြားစက်၊ ဗီစီဒီစက်နှင့် ကွန်ပျူတာ တစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

စိုက်ပျိုးရေးတိုးချဲ့

သို့သော်ဒေသရိက္ခာဖူလုံမှု မရှိသေးသဖြင့် ရိက္ခာဖူလုံရေးကို ရည်မှန်းချက်ထားပြီး စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့သွားရန်လိုကြောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် ခြောက်သွေ့ပြီး ရေနည်းပါးသည့် မြေလတ်ပိုင်းဒေသနှင့် ကိုက်ညီသော အထွက်တိုးစပါး မျိုးသစ်များပြောင်းလဲ စိုက်ပျိုးနိုင်စေရန် သုတေသနပြု ဖော်ထုတ်ပေးပြီး တောင်သူလယ်သမားများကို ဦးဆောင်မှုပေးရန် မှာကြားလိုကြောင်း။

ဤဒေသအတွင်း ပဲအမျိုးမျိုး အပါအဝင် ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့်အပြင် မကွေးတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးအဖြစ် သတ်မှတ်ထားသည်နှင့်အညီ နိုင်ငံတော်အတွက်ရော တောင်သူများအတွက်ပါ အကျိုးဖြစ်ထွန်းစေသည့် ပဲအမျိုးမျိုးကို အရှိန်အဟုန်တိုးမြှင့် စိုက်ပျိုး ထုတ်လုပ်သွားရန်လည်း လိုအပ်မှာဖြစ်ကြောင်း။

စီးပွားဖြစ်မွေးမြူ

မွေးမြူရေးကဏ္ဍတွင်လည်း ဝက်၊ ဆိတ်၊ သိုး၊ နွားစသည့် ဒေသနှင့် ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများကို ရွေးချယ်ပြီး စီးပွားဖြစ်မွေးမြူ ထုတ်လုပ်နိုင်စေရအောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက စံပြမွေးမြူရေးခြံ ထူထောင်ပေးမှု အပါအဝင် ကူညီအားပေးမှုများ ဆောင်ရွက်ပေးသွားရန် တစ်ဆက်တည်း မှာကြားလိုကြောင်း။

ဤဒေသသည် ပူပြင်းခြောက်သွေ့သော အပူပိုင်းဒေသဖြစ်သည့်အလျောက် ဒေသတွင်း အစိုဓာတ်ရရှိရေးအတွက် သစ်တောစိုက်ခင်းများ ထူထောင်ရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ ရှင်မတောင်အပါအဝင် တောင်တန်းများ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုအခါ ဒေသအတွင်း စိမ်းလန်းစိုပြည်စပြုလာပြီဖြစ်ရာ သစ်တောကြိုးဝိုင်းများထူထောင်ရေး ကြိုးပြင် ကာကွယ်တောများ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို ပီပီပြင်ပြင် ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ဒေသတွင်း ရာသီဥတုပြောင်းလဲကောင်းမွန်လာမှာဖြစ်ကြောင်း။

ကျေးလက်ဖွံ့ဖြိုးရေး

ယခုအချိန်အခါတွင် မြို့ပြများဖွံ့ဖြိုးတိုးတက်မှုအရှိန်ရစပြုနေပြီဖြစ်သည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသတွင်းရှိ စေတနာ့

ဝန်ထမ်းလူမှုရေးအဖွဲ့ အစည်းများ၏အား၊ နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာများ၏အားများ ပေါင်းစပ်ပြီး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

မိမိဒေသအတွင်း အစွန်အဖျားကျေးရွာများအပါအဝင် ကျေးလက်ဒေသတစ်ခုလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရအောင် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ အားလုံးက အခြေခံဒေသများဖြစ်သော ကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး လိုအပ်သည်များ ဦးဆောင်ပံ့ပိုးပညာပေးဆောင်ရွက်ပေးခြင်းအားဖြင့် မြို့နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဌာနဆိုင်ရာများအားလုံးက စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းဆောင်ရွက်မှု၊စုပေါင်းတာဝန်ယူမှုတို့ဖြင့် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီးအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

နှုတ်ဆက်အားပေး

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေစကြိုမြို့ တိုးချဲ့မြို့သစ်(တမာတန်း)၌ ကျင်းပသည့် "ဒေါ်ဦး"ဘိုးဘွားရိပ်သာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ အလှူရှင် ဦးအောင်သန်းနှင့် ဇနီး ဒေါ်ခင်သန်းဦး (ကံပွင့်သနပ်ခါးအမွှေးတိုင်)တို့က ဖဲကြိုးဖြတ်၍ "ဒေါ်ဦး" ဘိုးဘွားရိပ်သာကို ဖွင့်လှစ်ပေးကြသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က "ဒေါ်ဦး" ဘိုးဘွားရိပ်သာ မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘိုးဘွားရိပ်သာရှိ အဘိုးဆောင်၊ အဘွားဆောင်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ "ဒေါ်ဦး"ဘိုးဘွားရိပ်သာ ဆောက်လုပ်လှူဒါန်းခြင်းနှင့် အလှူငွေပေးအပ်ပွဲ အစီအစဉ်ကို ဘိုးဘွားရိပ်သာစားရိပ်သာဆောင်၌ ကျင်းပရာ ရှေးဦးစွာ အလှူရှင် ဦးအောင်သန်းက "ဒေါ်ဦး"ဘိုးဘွားရိပ်သာ ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူရှင် ဦးအောင်သန်းနှင့် ဇနီး ဒေါ်ခင်သန်းဦး မိသားစုက ဘိုးဘွားရိပ်သာ ဆောက်လုပ်လှူဒါန်းငွေကျပ်သိန်း၇၀၀နှင့်အာဟာရပဒေသာပင်အတွက် မတည်အလှူငွေကျပ် သိန်း ၁၀၀ စုစုပေါင်းငွေကျပ်သိန်း ၈၀၀၊ အာဟာရပဒေသာပင်အတွက်အလှူရှင်များကိုယ်စားဦးလှမင်းက ငွေကျပ် ၄၉၀၅၅၅၅တို့ကို ပေးအပ်

မျိုးသစ်များ သုတေသနပြုဖော်ထုတ်ပေး
အဝင်ကူညီအားပေးမှုများဆောင်ရွက်

စား ဦးထွန်းခိုင်က ငွေကျပ် ၅၁၅၀၀၀ ကို ပေးအပ်လှူဒါန်းရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက လက်ခံသည်။

ဆက်လက်၍ အလှူရှင် ဦးအောင်သန်း–ဒေါ်ခင်သန်းဦးတို့က"ဒေါ်ဦး" ဘိုးဘွားရိပ်သာနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မကွေးတိုင်း လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးသန်းထွန်းထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သည့် "ဒေါ်ဦး" ဘိုးဘွားရိပ်သာမှာ အဘိုး ၁၈ ဦးဆံ့ အဘိုးဆောင်တစ်ဆောင်၊ အဘွား ၁၈ ဦးဆံ့ အဘွားဆောင်တစ်ဆောင်၊ စားရိပ်သာတစ်ဆောင်၊ ဓမ္မာရုံတစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၄ ရက်က ရေစကြိုမြို့ တိုးချဲ့မြို့သစ် (တမာတန်း)၌ ဒေါ်ဦး ဘိုးဘွားရိပ်သာ ဖွင့်ပွဲ အခမ်းအနားတွင် ဒေါ်ဦး ဘိုးဘွားရိပ်သာ မော်ကွန်းကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဖူးမြော်ကြည်ညို

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စည်သူရှင်မြတ်စွာဘုရားနှင့် သရက္ခန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်သည်တော်မှတ်တမ်း၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး အလှူတော်ငွေများကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံတင်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စည်သူရှင်မြတ်စွာဘုရားဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညိန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စည်သူရှင်မြတ်စွာဘုရားပရိဝုဏ်ရှိ သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမွမ်းမံထားမှုတို့ကို လှည့်လည်ကြည့်ရှုသည်။ ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဩဂုတ် ၄ ရက်က ရေစကြိုမြို့နယ် ပခန်းကြီးကျေးရွာရှိ စည်သူရှင်မြတ်စွာဘုရား ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပညိန္ဒအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆင်းတု၊ တစ်ဖက်တွင် စေတီပုံပါ ခဲဖောင်းကြွဒင်္ဂါးနှင့် မြန်မာသက္ကရာဇ် ၁၁၆၂ခုနှစ် ရိုက်နှိပ်ထားသည့် ငါးကြင်း နှစ်ကောင်ပါ ကြေးဒင်္ဂါးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ရှေးဟောင်းသုတေသန

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကိုမှာကြားပြီး ပခန်းကြီး ရှေးဟောင်းသုတေသနပြတိုက်အတွင်း ထိန်းသိမ်းထားရှိသည့် ရှေးဟောင်းမြန်မာ့အနုပညာလက်ရာ ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူခရိုင် ပေါက်မြို့သို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ပေါက်မြို့ဆေးရုံ

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပေါက်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ မကွေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်လှမြင့်၊ ဆေးရုံအုပ်ဒေါက်တာ အေးမောင်နှင့် ဆရာဝန်၊ဆရာမများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးရုံရှိ ကလေးကုသဆောင်၊ အမျိုးသမီးလူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် အမျိုးသားလူနာ

ဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေးသည်။

ယင်းမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပေါက်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိလာကြရာ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးဦးစန်းနှင့် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများက ကြိုဆိုကြသည်။

မာလ်တီမီဒီယာစာသင်ခန်းဖွင့်

ထို့နောက် ပေါက်မြို့အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲအခမ်းအနားကို အဆိုပါကျောင်းရှေ့မျက်နှာစာ၌

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✧

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ အလှူရှင် ဦးအောင်သန်းနှင့် ဇနီး ဒေါ်ခင်သန်းဦး (ကံပွင့်သနပ်ခါးအမွှေးတိုင်)တို့က ဖဲကြိုးဖြတ်၍ "ဒေါ်ဦး" ဘိုးဘွားရိပ်သာကို ဖွင့်လှစ်ပေးကြသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က "ဒေါ်ဦး" ဘိုးဘွားရိပ်သာ မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘိုးဘွားရိပ်သာရှိ အဘိုးဆောင်၊ အဘွားဆောင်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ "ဒေါ်ဦး"ဘိုးဘွားရိပ်သာ ဆောက်လုပ်လှူဒါန်းခြင်းနှင့် အလှူငွေပေးအပ်ပွဲ အစီအစဉ်ကို ဘိုးဘွားရိပ်သာစားရိပ်သာဆောင်၌ ကျင်းပရာ ရှေးဦးစွာ အလှူရှင် ဦးအောင်သန်းက "ဒေါ်ဦး"ဘိုးဘွားရိပ်သာ ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူရှင် ဦးအောင်သန်းနှင့် ဇနီး ဒေါ်ခင်သန်းဦး မိသားစုက ဘိုးဘွားရိပ်သာ ဆောက်လုပ်လှူဒါန်းငွေကျပ်သိန်း၇၀၀နှင့်အာဟာရပဒေသာပင်အတွက် မတည်အလှူငွေကျပ် သိန်း ၁၀၀ စုစုပေါင်းငွေကျပ်သိန်း ၈၀၀၊ အာဟာရပဒေသာပင်အတွက်အလှူရှင်များကိုယ်စားဦးလှမင်းက ငွေကျပ် ၄၉၀၅၅၅၅တို့ကို ပေးအပ်

လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လက်ခံသည်။

ထို့နောက် "ဒေါ်ဦး"ဘိုးဘွားရိပ်သာ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းကြသည့်အလှူရှင်များကိုယ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဩဂုတ် ၄ ရက်က ရေစကြိုမြို့ တိုးချဲ့မြို့သစ် (တမာတန်း)ရှိ ဒေါ်ဦး ဘိုးဘွားရိပ်သာတွင် အဘိုးအဘွားများအား တွေ့ဆုံအားပေးစဉ်။ (သတင်းစဉ်)

ဆောင်၊အုပ်ချုပ်ရေးမှူးဆောင်နှင့်ဆေးခန်း၊ ရုံးခန်း၊ရေချိုးခန်း၊သန့်စင်ခန်းတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြောင်းသိရသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရေစကြိုမြို့နယ် ပခန်းကြီးကျေးရွာရှိ စည်သူရှင်မြတ်စွာဘုရားသို့ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အဖွဲ့ဝင်များသည် ရေစကြိုမြို့ ပခန်းကြီး ရှေးဟောင်း သုတေသနပြတိုက်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရှင်းလင်းခန်းမ၌ ပြတိုက်တာဝန်ခံအရာရှိ ဦးဌေးဝင်းမောင်က ပခန်းကြီး ရှေးဟောင်း သုတေသနပြတိုက်၌ နောက်ဆုံးတွေ့ရှိ ထိန်းသိမ်းပြသထားသည့် ကုန်းဘောင်ခေတ် ငွေလက်ကြပ်တစ်ခု၊ မြန်မာသက္ကရာဇ် ၁၁၄၃ခုနှစ် ရိုက်နှိပ်ထားသည့် တစ်ဖက်တွင်

ဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဦးလှကြီးမောင်က စဉ့်ကိုင်အုပ်စု နွားထိန်းကျေးရွာ၌ ဟန်လင်းနေပြည်တော်(ဟံသာနာဂရ) ပါဝင်သော ကျောက်စာတစ်ချပ် ထပ်မံတွေ့ရှိမှု၊ ယင်းကျောက်စာ မှုရင်းကို ပုဂံရှေးဟောင်း သုတေသန ပြတိုက်သို့ ပို့ဆောင်ထိန်းသိမ်းထားမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆–၈–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကရေ၊မွေ့ဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ရိုးရာကျေးလက်ကစားနည်း
၈:၀၅ ၇။ အကပြိုင်ပွဲ
၈:၁၅ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၅ ၉။ ကပ်တဲလ်ကြိုးတံတား
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ English for Everyday Use.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) ဓာတုဗေဒ
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၃၀ ၇။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
၅:၄၀ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၅၀ ၉။ တေးဂီတအစီအစဉ်
၆:၀၀ ၁၀။ မြန်မာစာ၊မြန်မာစကား
၆:၁၅ ၁၁။ Discovery.
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးနတ်မယ် (ဇာတ်သိမ်းပိုင်း) (အပိုင်း–၄၆)**
၇:၃၀ ၁၅။ နှောင်းခေတ်တေးပဒေသာ
၇:၄၅ ၁၆။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာရုပ်ရှင် ချစ်ခြင်း၏အခြားမဲ့၌ (ဒွေး၊မေသန်းနု၊ခိုင်သင်းကြည်) (ဒါရိုက်တာ– စင်ရော်မောင်မောင်)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို အခြေခံ မိမိရပ်ရွာဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းပေါင်းစပ်ကြိုးပမ်း

စုပေါင်းဓာတ်ပုံရိုက်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဩဂုတ် ၄ ရက်က မကွေးတိုင်း ပေါက်မြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

✧ **စာမျက်နှာ ၉ မှ**

ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကျောင်းအုပ်ဆရာကြီး ဦးစန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကံရွှေတို့က ပေါက်မြို့ အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် Computer Skills Room၊ Audio Visual Room၊ Laguage Lab ၊ ပန်းချီခန်း၊ အိမ်တွင်းမှု(လက်မှု)ခန်း၊ Printed Media Room၊ ဘုရားခန်း၊ ဂီတ(ရသ)ခန်းတို့ကို လှည့်လည်၍ ကျောင်းသား ကျောင်းသူများ၏ လေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပေါက်မြို့ အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်စကားခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိ ရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ပေါက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်သိန်းက ပေါက်မြို့နယ်၏ တည်နေရာ၊ အကျယ်အဝန်း၊ မြေသယံဇာတ၊ရေသယံဇာတ၊စိုက်ပျိုးရေး၊ မွေးမြူရေး၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် သီးနှံအလိုက် ပန်းတိုင် အထွက်နှုန်းရရှိရန် ကြိုးပမ်းဆောင်ရွက်မှု၊ ဒေသဝမ်းစာ ဆန်၊ ဆီနှင့် ပဲဖူလုံမှု၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပေါက်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီစီဒီစက်၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ကျောင်းအုပ်ဆရာကြီး ဦးစန်းထံ ပေးအပ်သည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ပညာရေး၊ကျန်းမာရေးဆိုင်ရာများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းရေး လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပံ့ပိုးဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ပေါက်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးရန် မိမိနှင့်အဖွဲ့ လာရောက်ခဲ့ခြင်းဖြစ်သည်နှင့်အညီ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ပံ့ပိုးမှုများနှင့် အထူးသဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည့် ပံ့ပိုးဖြည့်ဆည်းပေးမှုများကို ဒေသမှတာဝန်ရှိသူများနှင့် မေးမြန်းညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

တီထွင်ကြံဆ

ဤကဲ့သို့ နိုင်ငံတော်အပိုင်းက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့မှုများ အပေါ် အခြေခံပြီး ဒေသရှိ ဌာနဆိုင်ရာတာဝန်ရှိသူများက အကျိုးရှိ ထိရောက်စွာ အသုံးချလျက် မိမိမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝီရိယစိုက်ထုတ်ကာ တီထွင်ကြံဆကြိုးစားဆောင်ရွက်ကြရန် လိုကြောင်း။

ပေါက်မြို့နယ်ကဲ့သို့ မိုးနည်းခြောက်သွေ့သောဒေသများ၌ စိုက်ပျိုးမြေတိုးချဲ့ရန် အကန့်အသတ်များ ရှိနေသည့်အလျောက် ဒေသနှင့်ကိုက်ညီသည့် အထွက်တိုး စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရေးအတွက် အထွက်တိုး မျိုးစပါး သုတေသနပြုဖော်ထုတ်ပေးရေး၊ စပါးမျိုးသစ် ပံ့ပိုးပေးရေး၊ အထွက်တိုး စံပြစိုက်ခင်းများထူထောင်၍ နမူနာပြစိုက်ပျိုးမှုများကို ဗဟိုအဆင့်မှ အလေးပေးစီမံဆောင်ရွက်ပေးကြရန်နှင့် တိုင်းခရိုင် အဆင့်တို့က ဆင့်ကဲဆင့်ကဲ ကူညီပံ့ပိုး ကြပ်မတ်ဆောင်ရွက်သွားကြရန် စိုက်ပျိုးရေးကဏ္ဍမှ တာဝန်ရှိသူအသီးသီးကို မှာကြားလိုကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် မြို့နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များသည် ပဓာနကျသည့် အခန်းကဏ္ဍ၌ ရှိနေသည့်အတွက် ကျေးလက်ဒေသများ အထိဆင်းပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို အခြေခံကာ မိမိရပ်ရွာ၊ မိမိဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံတွင် တိုင်ပင်ညှိနှိုင်းပေါင်းစပ် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

(သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၄ ရက်က မကွေးတိုင်း ပေါက်မြို့ ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဩဂုတ် ၄ ရက်က အလှူရှင် ဦးအောင်သန်းနှင့် ဇနီး ဒေါ်ခင်သန်းဦး မိသားစုက ရေစကြိုမြို့ တိုးချဲ့မြို့သစ်(တမာတန်း)၌ ဒေါ်ဦးဘိုးဘွားရိပ်သာ ဆောက်လုပ်လှူဒါန်းငွေ ကျပ်သိန်း ၇၀၀ နှင့် အာဟာရပဒေသာပင်အတွက် မတည်အလှူငွေ ကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ လက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးပြတ်တောင်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

ရန်ကုန်   ဩဂုတ်   ၅

ယနေ့နံနက် မြန်မာစံတော်ချိန် ၉:၃၀ နာရီ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီ ဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားကောင်းနေသည်။

❑ **ကျောဖုံးမှ**

မအူပင်ခရိုင်လေးမြို့နယ်မှ အားကစားသမားများနှင့် မျိုးဆက်သစ် လူငယ်အားကစားသမားများအနေဖြင့် ခန်းမဦး ဘော်လီဘော၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ မြန်မာ့ရိုးရာခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့၊ မြန်မာ့သိုင်း စသည့် အားကစားနည်းအလိုက် ပြိုင်ပွဲများအပြင် ကိုယ်ကာယလေ့ကျင့်မှုများကိုလည်း အဆင့်မီ လေ့ကျင့်ပြိုင်ပွဲဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မအူပင် စက္ကူစက်ရုံ

အခမ်းအနား အပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မအူပင်မြို့နယ် ပန်းတပွတ်ကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း မအူပင် စက္ကူစက်ရုံသို့ရောက်ရှိကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စက်ရုံ၏လုံခြုံရေး၊ သတ်မှတ်ချိန်အမီ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေးနှင့် ကုန်ကြမ်းဝယ်ယူရရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မအူပင် စက္ကူစက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါ စက္ကူစက်ရုံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Yunnan Corporation for International Techno Economics Corporation (C.Y.C) မှ ထုတ်လုပ်သည့် နိုင်ငံတကာ အဆင့်မီ စက္ကူစက်အသစ်များ တပ်ဆင်ထားသော စက်ရုံဖြစ်သည်။

တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်၍ နိုင်ငံခြားငွေ ပိုမိုရရှိစေရန် ရည်ရွယ်ပြီး ဂုန်လျှော်အပင်လိုက်ကို အဓိက ကုန်ကြမ်းအဖြစ်အသုံးပြုကာ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်သော စက္ကူများ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မအူပင် စက္ကူစက်ရုံသည် စာရေးစက္ကူနှင့် အော့ဖ်ဆက်စက္ကူ တစ်ရက်လျှင် စက္ကူမက်ထရစ်တန် ၁၇တန်နှင့် တစ်နှစ်လျှင် မက်ထရစ်တန် ၅၀၀၀ ထုတ်လုပ်သွားမည်ဖြစ်ပြီး မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များ လိုက်ပါလျက် မအူပင်မြို့ နယ်မြေခံတပ်ရင်းသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံပြီး မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်က ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နယ်မြေခံတပ်ရင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် အလှူငွေများကိုပေးအပ်သည်။ ထို့နောက်နယ်မြေခံတပ်ရင်းရှိ မိသားစုဝင်များ စိုက်ပျိုးထားသော တစ်ပိုင်တစ်နိုင်စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များ လိုက်ပါလျက် မအူပင်–ကျိုက်လတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး လမ်းဘေးဝဲယာ တစ်လျှောက်ရှိ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများနှင့် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ဆူးကနန်းကျေးရွာရှိ ကွင်းအမှတ်(၁၃၁) စိုက်ကွင်း ဧက ၁၀၀ မျိုးသန့်စံပြစိုက်ကွက်သို့ ရောက်ရှိကြပြီး စံပြစိုက်ကွက်၌ ရေကျောက်ခက် ဇီဝမြေသြဇာဖြင့် စိုက်ပျိုးထားသော မနောသုခ စပါးများ အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှု၍ ဒေသခံ တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ စပါးအထွက်တိုးစိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျိုက်လတ်မြို့နယ် ဧရာအောင်ခန်းမသို့ ရောက်ရှိပြီး တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံ တောင်သူများအားတွေ့ဆုံ အမှာစကားပြောကြားသည်။

အလှူငွေပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ကျိုက်လတ်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းအဆောက်အအုံအတွက် အလှူငွေများကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်နှင့်ခဲတံဒါဇင် ၅၀စီကို ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ကျိုက်လတ်မြို့နယ် ဧရာအောင်ခန်းမဝင်းအတွင်း၌ ကျိုက်လတ်မြို့မှ ထုတ်လုပ်သည့် လယ်ယာသုံးကိရိယာများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ကျိုက်လတ်မြို့မှ ထုတ်လုပ်သည့် လယ်ယာသုံးကိရိယာများတွင် စပါးခြွေလှေ့စက်၊ စပါးခွဲချွတ်စက်၊ သမန်းမွှေစက်၊ အနိမ့်တင် ရေစုပ်စက်နှင့် ထော်လာဂျီ မီးသတ်ယာဉ်တို့ ပါဝင်ကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ဖျာပုံမြို့သို့ရောက်ရှိကြပြီး ဖျာပုံခရိုင် ရတနသိဒ္ဓိသာသနာ့ဗိမာန်တော်၌ကျင်းပသည့် ဖျာပုံမြို့ပေါ်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ထန်းပင်ကျောင်းပရိယတ္တိ စာသင်တိုက်သို့သွားရောက်၍ မဏိရတနာ(၂) နှစ်ထပ်စာသင်ကျောင်းဆောင် တည်ဆောက်နေမှုကို ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဩဂုတ် ၄ ရက်က ကျိုက်လတ်မြို့ စက်မှုဇုန်က ထုတ်လုပ်သည့် လယ်ယာသုံးကိရိယာများ ပြသထားမှုကို ကြည့်ရှုစဉ်။
(သတင်းစဉ်)

ဖျာပုံတံတားစီမံကိန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ဖျာပုံတံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၇)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က တံတားစီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက သတ်မှတ်ချိန်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်နိုင်ရေး ဆွေးနွေးမှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဖျာပုံတံတားမှာ အရှည် ၃၈၁၂ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်ခြောက်ပေစီရှိပြီး တံတားအမျိုးအစားမှာ သံမဏိသံပေါင်တံတားဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကြီး ပြီးစီးသွားပါက ဘိုကလေးမြို့နှင့် ပင်လယ်ကမ်းစပ်ဒေသများဖြစ်သည့် ကမာကလူ၊ ကျုံကဒွန်း၊ ဆိပ်မ၊ ကဒုံကနိတို့မှ ပြည်သူများအနေဖြင့် ဖျာပုံမှတစ်ဆင့် ဒေးဒရဲ၊ ရန်ကုန်သို့ အတိုဆုံးခရီးဖြင့် ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်ကာ အဆိုပါဒေသများ၏စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ (သတင်းစဉ်)

ခေတ်ဟောင်းတေးသီချင်းစာအုပ်များ ထုတ်ဝေရောင်းချ

ရန်ကုန် ဩဂုတ် ၅

တေးရေးပညာရှင်ကြီးများ၏ ခေတ်ဟောင်းတေးသီချင်းများ အတွဲ(၇) စာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေလိုက်ပြီဖြစ်သည်။

တစ်ခေတ်တစ်ခါက ပြည်သူများ၏ နှလုံးဘဝင်ကို အမှတ်ထင်ထင် ရိုက်ခတ်စေခဲ့ပြီး အောင်မြင်ကျော်ကြားလူကြိုက်များခဲ့သည့် ရှားပါးသော တေးသီချင်းများဖြစ်သည်။ အဆိုပါ စာအုပ်တွင် တစ်ချိန်က တေးရေးပညာရှင်ကြီး ၂၆ ဦးတို့ ရေးဖွဲ့သီကုံးထားခဲ့သည့် တေးသီချင်းပုဒ်ရေ ၁၀၀ ပါဝင်သည်။

ယခု အတွဲ(၇) အပါအဝင် ယခင်ထုတ်ဝေခဲ့သည့် အတွဲ (၃၊ ၅၊ ၆)တို့ကိုလည်း တစ်အုပ်လျှင် ကျပ် ၃၅၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်တွင်လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တွင်လည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင်လည်းကောင်း ဝယ်ယူရရှိနိုင်သည်။

စာအုပ်အရောင်း ကိုယ်စားလှယ်များလည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်ဆက်သွယ် ရောင်းချနိုင်သည်။
(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း လူသစ်တန်း ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ဧရာဝတီနှင့် မကွေးတိုင်း အကြိုဗိုလ်ပွဲတက်

ရန်ကုန် ဩဂုတ် ၅

၂၀၀၄ခုနှစ် ပဋ္ဌမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း လူသစ်တန်း ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းအတွင်းရှိ သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက်ကျင်းပသည်။

ပုသိမ်ဇုန် တတိယကွာတားဖိုင်နယ်ပြိုင်ပွဲတွင် အိမ်ရှင် ဧရာဝတီတိုင်းနှင့် ကချင်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းက ရှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်သွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ဧရာဝတီတိုင်းမှ စနေလင်းစိုးက ရရှိသွားသည်။

ဟင်္သာတဇုန် စတုတ္ထကွာတားဖိုင်နယ် ပြိုင်ပွဲတွင် မကွေးတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တို့ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်သွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို မကွေးတိုင်းမှ ပြည်ဖြိုးဦးက ရရှိသွားသည်။ (သတင်းစဉ်)

အက်စ်ယူအာရ်အေ အကြမ်းဖက်သောင်းကျန်းသူများက နမ့်စန်မြို့နယ်အတွင်း တောင်ယာစိုက်ပျိုးလုပ်ကိုင်သူများအား လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်၍ ငါးဦးသေဆုံး

ရန်ကုန် ဩဂုတ် ၅

အက်စ်ယူအာရ်အေအကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို နှောင့်ယှက်ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအား လက်နက်အားကိုး နှိပ်စက်သတ်ဖြတ်၊ ခြိမ်းခြောက်လုယက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် မက်မွန်လောင်းကျေးရွာ အရှေ့ဘက်တောင်ကြောပေါ်တွင် တောင်ယာစိုက်ပျိုးလုပ်ကိုင်ကြသူများဖြစ်ကြသည့် နမ့်စန်မြို့နယ် ကုန်းပေါင်းကျေးရွာမှ မောင်သိန်းသိန်း၊ မောင်ဇော်မျိုးနှင့် မောင်ကျော်မင်းလတ်၊ တောင်ကြီးမြို့မှ မောင်အောင်လင်းထွန်းနှင့် မောင်ငှက်ကလေးတို့ ငါးဦးအား ၎င်းတို့ တောင်ယာတဲအနီး၌ ကြိုးတုပ်ကာ တန်းစီ ဒူးထောက်ခိုင်းပြီး လက်နက်ငယ်များဖြင့် အနီးကပ် ပစ်ခတ်သတ်ဖြတ်ခဲ့ကြသည်။

ထို့အပြင် ၎င်းတောင်ယာလုပ်ကိုင်သူများနှင့် အတူရှိသည့် မနန်းကြိမ်ခမ်းအား သတ်ဖြတ်ခြင်းမပြုဘဲ သောင်းကျန်းသူများက ကြိုးတုပ်၍ တောင်ကြောအရှေ့ တောင်ဘက်သို့ ခေါ်ဆောင်သွားပြီးနောက် ၎င်းအား ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ် သတင်းရလျှင်ရချင်း နယ်မြေခံ တပ်မတော်စစ်ကြောင်းမှ သွားရောက်ရှင်းလင်းရာ အက်စ်ယူအာရ်အေ အကြမ်းဖက်သောင်းကျန်းသူများ လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ထားခဲ့၍ သေဆုံးနေသည့် အလောင်း ငါးလောင်းနှင့် လက်နက်ငယ်ကျည်ခွံများအား တွေ့ရှိရပြီး ယခုကဲ့သို့ အပြစ်မဲ့ ပြည်သူများအား ရက်ရက်စက်စက် လူမဆန်စွာ သတ်ဖြတ်ခဲ့ကြသည့် အက်စ်ယူအာရ်အေ အကြမ်းဖက်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းက ထက်ကြပ်လိုက်လံ ရှင်းလင်းချေမှုန်းလျက်ရှိသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၅–၈–၂၀၀၄)

ခန္တီး	– ၇ ဒသမ ၆၀ လက်မ
မချမ်းဘော	– ၅ ဒသမ ၀၄ လက်မ
မောင်တော	– ၄ ဒသမ ၄၁ လက်မ
သံတွဲ	– ၄ ဒသမ ၀၉ လက်မ
ပူတာအို	– ၃ ဒသမ ၄၂ လက်မ
ဇောင်းတူ	– ၃ ဒသမ ၁၁ လက်မ

ရန်ကုန်မိုးရေချိန်

(၅–၈–၂၀၀၄)

ရန်ကုန်မြို့လယ်
၁ ဒသမ ၁၈ လက်မ

ကမ္ဘာအေး
၀ ဒသမ ၈၆ လက်မ

မင်္ဂလာဒုံ
၀ ဒသမ ၇၉ လက်မ

အဖွဲ့ချုပ်၏ မွန်မြတ်သောရည်ရွယ်ချက်များ အောင်မြင်ရေး အမျိုးသမီးထုကြီးတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်းသိကောင်းစရာ များ ဟောပြောပွဲ အခမ်းအနားကို ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ကျင်းပရာ မြန်မာ နိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း ရှင်းလင်း ဟောပြောစဉ်။ (ပညာရေး)

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်ဝင်းရွှေ၊ ဒုတိယဝန်ကြီးများ၏ ဇနီးများဖြစ်သော ဒေါ်မာလာသိန်းနှင့် ဒေါ်သဇင်နွယ်၊ ပညာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်အဖွဲ့တို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာမများနှင့် အရာထမ်းအမှုထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းဟောပြော

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့် နောက်ခံသမိုင်း၊ အဖွဲ့ချုပ်၏ ရည်ရွယ်ချက် ခုနစ်ရပ်၊ ဖွဲ့စည်းပုံအဆင့်ဆင့်၊ အမျိုးသမီးများ မိမိဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်မှုဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းအဖွဲ့ ၁၆ဖွဲ့၏ လုပ်ငန်းတာဝန်များ၊ အဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များအောင်မြင်ရေးအတွက် အမျိုးသမီးထုကြီးတစ်ရပ်လုံး ပူးပေါင်းပါဝင် ဆောင်ရွက်ရေးတို့ကို ရှင်းလင်းဟောပြောသည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေထံ ပညာရေးလုပ်ငန်းအဖွဲ့ အကြံပေး ပညာရေးဝန်ကြီးဌာနဝန်ကြီး၏ ဇနီး ဒေါ်ဝင်းရွှေက ပညာရေးဝန်ကြီးဌာန၏ လှူဒါန်းငွေကျပ် ၁၀သိန်းနှင့် အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ပြီး ဟောပြောပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့သည် ပညာရေးလုပ်ငန်းအဖွဲ့ဝင်များနှင့် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် အခမ်းအနား တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်တာဝါ (တိုက်-အေ) အခန်း ၅၀၃၊ အမှတ် ၂၁၂နေ ကွယ်လွန်သူဖခင်ကြီး ဦးအုန်းဖေအားရည်စူး၍ သမီး ဒေါ်မြမြမူ မိသားစုတို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ် ရေးအဖွဲ့ဝင် ဦးဝင်းသင်ထံ ဇူလိုင် ၂၆ရက်က ပေးအပ် လှူဒါန်းစဉ်။ (က-ပ)

ကိုယ်ပွားသတင်းစာတိုက် ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဩဂုတ် ၅

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း လားရှိုးမြို့ ကိုယ်ပွား သတင်းစာတိုက်ဝန်ထမ်းများ၏ ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကို လားရှိုးမြို့နယ် ဟူးမွန်ရွာရှိကိုယ်ပွားသတင်းစာတိုက်၌ ဇူလိုင် ၃၁ရက် ညနေက ကျင်းပရာ မန်ဆူဆရာတော်နှင့် ပင့်သံဃာများအား ကိုယ်ပွားသတင်းစာ တိုက် တာဝန်ခံ ဗိုလ်ကြီးဇော်လွင်နှင့် ဝန်ထမ်းများက ဝါဆိုသင်္ကန်းများဆက်ကပ် လှူဒါန်းကြသည်။ (က-ပ)

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း နှစ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ နှစ်လည်အစည်းအဝေးကို လာမည့် ဩဂုတ် ၁၄ ရက် (စနေနေ့) နံနက် ၉နာရီတွင် ယဉ်ကျေးမှုဝိမာန်ဦးစီးဌာန အမျိုးသားပြတိုက်ရှိ ဘက်စုံခန်းမကြီး၌ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးတွင် "National Library Management System Software" စာတမ်းကို ဦးကျော်ဦးနှင့်အဖွဲ့ကလည်းကောင်း၊ "Myanmar e-Book အခြေအနေ" စာတမ်းကို ဒေါ်နီနီအေးကလည်းကောင်း ဖတ်ကြားတင်သွင်းကြမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားအားလုံး မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထား ကြောင်း သိရသည်။ (က-ပ)

အထက(၁)ဒဂုံ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၅

၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် ဒဂုံမြို့နယ်အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို စက်တင်ဘာ ၁၂ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်၍ စာမေးပွဲအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ဩဂုတ် ၉ရက်မှ ၂၇ရက်အတွင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့သို့ လာရောက် ဆက်သွယ်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။ (က-ပ)

အီလက်ထရောနစ်ဂျာနယ် ဖတ်ရှုနိုင်သောနေရာဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၅

Academic တန်းများဖြစ်သည့် Ph.D, Master တန်းများတွင် Research နှင့် Thesis ပြုလုပ်လိုသူများ အတွက် လိုအပ်သောအချက်အလက်များ အလွယ်တကူ ရှာဖွေလေ့လာနိုင်သည့် Resource Center တစ်ခုကို တက္ကသိုလ်များစာအုပ်ဆိုင်(အင်းဝဆိုင်ခွဲ) ဖုန်း-၅၁၄၃၈၇တွင် ဖွင့်လှစ်ထားသည်။

ယင်း Resource Center တွင် နယ်ပယ်ပေါင်းစုံမှ အချက်အလက်နှင့် ဗဟုသုတရှာမှီးလိုသော သုတေသီများ အတွက် လိုအပ်သော Deta များကို လာရောက်ရှာဖွေနိုင်သည့်အပြင် ပညာရှင်များအတွက် Reference ပြုလုပ်ရန် လိုအပ်သည့် Abstracts နှင့် Full Text (Electronic Journal) များ ပါဝင်ကြောင်း သိရသည်။ (က-ပ)

TROY ရာဇဝင်ကားသစ် ရုံတင်

ရန်ကုန် ဩဂုတ် ၅

ယခုသောကြာပတ်တွင် ကျော်စေ ရုပ်ရှင်မှ ဒါရိုက်တာ မောင်မျိုးမင်း ရိုက်ကူး၍ ရန်အောင်၊ လွင်မိုး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်တို့ ပါဝင်သရုပ်ဆောင်ကြသည့် **ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့လိုတယ်** အိမ်ထောင်ရေးဟာသ အချစ်ဓာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံကြီးများတွင် ဆက်လက်အောင်ပွဲခံ ပြသနေသည်။

မိခင်၏ ကြီးမားသော မေတ္တာကို ဖော်ညွှန်းထားသည့် ဒါရိုက်တာ ကျော်သူရိုက်ကူး၍ ကျော်သူ၊ မင်းမော်ကွန်း၊ ထွန်းအိန္ဒြာဗိုတို့ သရုပ်ဆောင်ပါဝင်ကြသည့် **အမေ့နို့ဖိုး**ဓာတ်ကားမှာ ရွှေဆောင်ရုံနှင့် နဝဒေးရုံတို့၌ တင်ဆက်ပြသနေသည်။

နေပြည်တော်ရုံတွင် တင်ဆက်ပြသသည့် TROY နိုင်ငံခြား ရာဇဝင် ဓာတ်ကားသစ်မှ ဓာတ်ဝင်ခန်း တစ်ခန်း။

နေပြည်တော်ရုံတွင် ဂရိနိုင်ငံ စပါတာဘုရင်လက်ထက် ဟယ်လင်မိဖုရားကို အကြောင်းပြု၍ စစ်ရေးနှင့် အချစ်ရေး အခက်ပွေမှုများကို ရိုက်ကူး ပြသထားသည့် ခမ်းနားထည်ဝါသော ရာဇဝင်စွန့်စားခန်း TROY ဓာတ်ကားသစ် ရုံတင် ပြသလာသည်။

"ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့လိုတယ်" ဓာတ်ကားမှ ရန်အောင်နှင့် ထွန်းအိန္ဒြာဗိုတို့အတွဲ။

အိန္ဒိယဓာတ်ကား

ဘုရင်ရုံတွင် Main Prem Ki Diwanihoon အမည်ရှိ အိန္ဒိယ ဓာတ်ကားသစ် ဆက်လက်ပြသနေသည်။ အရှုးအမူးချစ်မိသော ကြည်နူးဆွတ်ပျံ့ဖွယ် အချစ်ဓာတ်လမ်းကို တေးဂီတနောက်ခံ အလှအပများဖြင့် ပုံဖော်ထားသော အင်္ဂလိပ်စာတန်းထိုး ဓာတ်ကားဖြစ်သည်။

မြို့မရုံတွင် Kaho Naa Pyaar Hai အမည်ရှိ အိန္ဒိယအချစ်တေးဂီတ သရုပ်ဖော်ဓာတ်ကား ရုံတင်ပြသသည်။ အာသစ်ရော်ရှန်နှင့် အမီရှာပတေးတို့၏ သရုပ်ဆောင်မှုများကို နယူးဇီလန်နိုင်ငံ၏ ရှုခင်းများ နောက်ခံထားရိုက်ကူးထားသည်။ ရွှေဂုန်ရုံတွင် လူဆိုးဂိုဏ်းနှင့် အပြန်အလှန်တိုက်ခိုက် အနိုင်ယူပုံကို ရိုက်ကူးထားသည့် အက်ရှင်ဓာတ်ကား Last Man Standing နိုင်ငံခြားဓာတ်ကား ရုံတင်ပြသနေသည်။

Kaho Naa Pyaar Hai အမည်ရှိ အိန္ဒိယအချစ်နှင့် တေးဂီတ ဓာတ်ကားမှ သရုပ်ဆောင် ကွက်တစ်ကွက်။

ချစ်သူရုပ်ရှင်ဒါရိုက်တာကိုအောင်မင်းသိမ်းရိုက်ကူး၍ ကျော်ရဲအောင်၊ ဇာဂနာ၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်တို့ သရုပ်ဆောင်သော **ပေါ့ပေါ့ပါးပါးပြုံး** ဟာသဓာတ်ကား ရတနာပုံရုံတွင် ပြသနေသည်။

ဆုထူးပန်ရုံတွင် Pardes အမည်ရှိ အိန္ဒိယ အကယ်ဒမီ လေးဆုရ ဓာတ်ကားရုံတင်ပြသည်။ ရာရွတ်ခန်၊ မဟီမာချောင်ဒရီ၊ အပူးရ်ဗာတို့ သရုပ်ဆောင်ပါဝင်ပြီး တေးဂီတနှင့် ကကွက်ဆန်းများ နောက်ခံထားရိုက်ကူးထားသည်။ **(ကြေးမုံ)**

လာမည့်သောကြာ ဓာတ်ကားသစ်ရုံတင်မည်

ရန်ကုန် ဩဂုတ် ၅

လာမည့် သောကြာပတ်တွင် စိမ်းဝါနီရုပ်ရှင်မှ ဒါရိုက်တာ မောင်မျိုးမင်း ရိုက်ကူး၍ ဒွေး၊ ကျော်ရဲအောင်၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ ခိုင်နှင်းဝေတို့ ပါဝင်သော **ပြုံးနေရင်သတိထား**ဓာတ်ကားသစ် ရုံတင်မည်ဖြစ်သည်။ **(ကြေးမုံ)**

● **ချစ်ကြည်ရေးမှ**

မိုဟမ်ဘဂမ်အသင်းသည် ပထမခြေစမ်းပွဲစဉ်၌ အဖွဲ့ချုပ်လက်ရွေးစင်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသဖြင့် ယနေ့ပွဲစဉ်တွင် အနိုင်ရရှိရေး အထူးကြိုးစား ကစားသွားသည်။ ဘောလုံးပွဲစတင်ချိန်၌ မိုးရွာသွန်းခြင်းမရှိ၍ စိတ်ကြိုက်ကစားနိုင်ခဲ့ရာ မိုဟမ်ဘဂမ်အသင်းအနေဖြင့် အခွင့်အရေးတစ်ကြိမ်ကို တစ်ဂိုးရရှိအောင် ဖန်တီးနိုင်ခဲ့ပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းသည် ပထမပိုင်း၌ အခွင့်အရေးနှစ်ကြိမ် ရရှိသော်လည်း ဂိုးမဝင်၍ နစ်နာသွားခဲ့ရသည်။

ဦးဆောင်ဂိုး

ပွဲစသည်နှင့် နှစ်သင်းစလုံး လျင်လျင်မြန်မြန် အပေးအယူလုပ် ကစားရာ မိုဟမ်ဘဂမ်အသင်းက အချိတ်အဆက်မိမိဖြင့် ထိုးဖောက်နိုင်ခဲ့သည်။ မိုဟမ်ဘဂမ်အသင်းက အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းထက် ကိုယ်လုံးကိုယ်ထည်ကြီးမားသဖြင့် ဘောလုံးယှဉ်လုလျှင် အားချင်းမမျှဘဲ ဖြစ်နေသည်။ အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းက ဘောလုံးကိုမထိန်းဘဲ ခပ်မြန်မြန် လူပေးကစားရာ တစ်ဦးနှင့်တစ်ဦး နားလည်မှုလွဲပြီး ဘောလုံးများ ဆုံးရှုံးသွားခဲ့ရသည်။ မိုဟမ်ဘဂမ်အသင်းသည် ပထမပွဲစဉ်ထက် အချိတ်အဆက်မိမိဖြင့် ကစားကွက်ဖော်နိုင်ခဲ့ရာ ပွဲစပြီးမကြာမီ ဦးဆောင်ဂိုးရရှိခဲ့သည်။ မိုဟမ်ဘဂမ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ခုနစ်မိနစ်တွင် အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းဂိုးရှေ့သို့ အမြောက်ကန်ပို့သည့် ဘောလုံးကို ကျောနံပါတ်(၃၂) Malswama က ခေါင်းတိုက်သွင်းယူသည်။

စိတ်လှုပ်ရှားမှုများ

အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းသည် နိုင်ငံတကာပွဲ အတွေ့အကြုံအားနည်းသည့်အလျောက် ပွဲအစပိုင်းတွင် စိတ်လှုပ်ရှားမှုများပြီး အပေးအယူလုပ်ရာတွင် လိုသွားခြင်း၊ ပိုသွားခြင်းများဖြစ်နေသည်။ နောက်တန်းလူများကလည်း တစ်ဖက်အသင်း၏ အင်အားသုံးကစားမှုကို စိုးရိမ်စိတ်ဝင်ပြီး ကြံသလို ဖျက်ထုတ်နေသဖြင့် တိုက်စစ်ကို မပံ့ပိုးနိုင်ခဲ့ပေ။

မိုဟမ်ဘဂမ်အသင်းက ဦးဆောင်ဂိုးရရှိသွားပြီးနောက် ချေပဂိုးမပေးရရေးအတွက် နောက်တန်းကို လုံခြုံအောင်လုပ်ကာ အခွင့်အရေးရမှ ထိုးဖောက်ကစားနေသည်။ အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်း အလယ်တန်းမှ ဘောလုံးရလျှင် တိုက်စစ်ဆင်ရာ၌ နောက်ကျနေပြီး နောက်ပြန်ပေးမှုများ၍ တစ်ဖက်အသင်းကို ခြိမ်းခြောက်နိုင်မှု အားနည်းခဲ့ရသည်။

လူစားလဲ

အဖွဲ့ချုပ်လူငယ်အသင်းသည် မိုဟမ်ဘဂမ်အသင်း၏ ကစားကွက်နောက်မှ လိုက်ကစားနေရပြီး တိုက်စစ်အားလျော့နေ၍ ပွဲ ချိန် ၂၈မိနစ်တွင် စထက်နိုင်ဝင်းအစား ထက်အောင်၊ နေဝင်းအစား အောင်သန်းဝင်းတို့ကို လူစားလဲလိုက်သည်။ လူစားလဲလိုက်ပြီးနောက် အလယ်တန်းနှင့် ရှေ့တန်းအချိတ်အဆက်မိလာပြီး ပွဲမှာ သူတစ်ပြန်ကိုယ်တစ်ပြန် ဖြစ်လာသည်။ အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်း ကစားကွက်ဖော်လာနိုင်ပြီး မိုဟမ်ဘဂမ်အသင်းကို အကြိမ်ကြိမ် ထိုးဖောက်ကစားခဲ့သည်။ မိုဟမ်ဘဂမ်အသင်းက ခန္ဓာကိုယ်ထွားကျိုင်းပြီး အရပ်မြင့်မားမှုကြောင့် အမြင့်ဘောများတင်သည့်အခါ နောက်တန်းက အကြိမ်ကြိမ် ခေါင်းတိုက်ဖျက်ထုတ်ခြင်းခံရသည်။

အခွင့်အရေးရရှိ

အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းသည် ပထမပိုင်းပြီးခါနီးလာသည်နှင့်အမျှ ကစားကွက်ကောင်းလာပြီး သေချာပေါက်ဂိုးရနိုင်သည့် အခွင့်အရေးများ ရရှိခဲ့သည်။ ပွဲချိန်မိနစ် ၄၀ တွင် လှအေးထွေးတစ်ဦးတည်း ကျွံထွက်သွားပြီး ကန်သွင်းထွက်လာစဉ် ကန်သွင်းရာ ဂိုးတိုင်ဘေးမှ မဆိုစလောက် ကပ်ထွက်သွားသည်။ ပွဲချိန် ၄၃မိနစ်တွင် ထက်အောင် ခင်းပေးသည့်ဘောလုံးကို ပိုင်နယ်တီဧရိယာအပြင်ဘက်မှ ဇော်မျိုးမင်း တိုက်ရိုက်ကန်သွင်းရာ ဂိုးအပေါ်ထောင့်နားမှ ဂိုးဝင်လုဝင်ဆဲတွင် မိုဟမ်ဘဂမ်ဂိုးသမားလက်နှင့် ထိသည်ဆိုရုံလေး ပုတ်ထုတ်နိုင်၍ ဂိုးကံခေခဲ့ရသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် မိုဟမ်ဘဂမ်အသင်းက ဂိုးရရှိရေးထက် ဂိုးထပ်မပေးရရေးကို အဓိကထားကာ ခံစစ်အားပြုကစားသွားသည်။ အဖွဲ့ချုပ်လူငယ်အသင်းက ဘောလုံးပိုင်ဆိုင်မှုများများဖြင့် မိုဟမ်ဘဂမ်အသင်းဘက်ကို ထိုးဖောက်ကစားသော်လည်း အချင်းချင်း အပေးအယူလုပ်ရာ၌ အချိတ်အဆက်မမိဘဲ ဖြစ်နေသည်။ အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်း ကစားအားမကျဘဲ တိုက်စစ်ဦးစားပေး ကစားသွားသော်လည်း မိုဟမ်ဘဂမ်အသင်းက အတွေ့အကြုံနှင့် သမ္မာသာလွန်မှုကြောင့် ချေပဂိုးမပေးရရေးအတွက် ထိန်းကစားကာ ပွဲအပြီးတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အတွေ့အကြုံရရှိရေး

အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းသည် အသင်းဖွဲ့စည်းထားသည်မှာ အချိန်အားဖြင့် တိုတောင်းသလို နိုင်ငံတကာပွဲကစားဖူးသူ အနည်းငယ်သာပါဝင်၍ အသင်းလိုက် ကစားကွက်စိတ်တိုင်းကျ မဖြစ်ခဲ့သော်လည်း လူငယ်များ အတွေ့အကြုံ ရယူနိုင်ခဲ့သည်။ အဖွဲ့ချုပ်လူငယ်အသင်းသည် ကစားသမားခုနစ်ဦးတိတိ လူစားလဲကစားခဲ့ရာ နိုင်ငံတကာပွဲ မကစားဖူးသေးသူများ ပွဲအတွေ့အကြုံရရှိခဲ့၍ အမြတ်ထွက်သည်ဟု ဆိုနိုင်သည်။

ခြေရည်သွေး

အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းသည် ယနေ့ပွဲစဉ်၌ တစ်ဂိုးဖြင့် ကပ်ရှုံးခဲ့သော်လည်း နိုင်ငံတကာပွဲ အတွေ့အကြုံရရှိခဲ့သလို လူငယ်ဘောလုံးသမားများကို ခြေရည်သွေးခွင့်ရရှိခဲ့သည်။ အဖွဲ့ချုပ်လက်ရွေးစင်အသင်းသည် အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြိုင်ပွဲပစ်မှတ်ရှိနေ၍ အကောင်းဆုံးအနေအထားရရှိပြီး မိုဟမ်ဘဂမ်အသင်းကို ခြေစွမ်းပြ အနိုင်ရရှိခဲ့သည်။

အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်း၏ ယနေ့ပွဲကစားသွားပုံမှာ လိုအပ်ချက်များရှိနေ၍ ကြိုးစားရန် လိုအပ်နေဆဲဖြစ်သည်။ အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းကို အဆင့်မြင့်တန်း ကလပ်အသင်းများမှ အသက်ငယ်ရွယ်သူများကို အခြေခံကာ ရွေးချယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ မကြာမီရက်ပိုင်းအတွင်း၌ နိုင်ငံခြားမှ ဘောလုံးအသင်းတစ်သင်း မြန်မာနိုင်ငံသို့ ရောက်ရှိရန်ရှိပြီး အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဟု သိရသည်။ အဆိုပါခြေစမ်းပွဲများအပေါ် အခြေခံ၍ ခြေစွမ်းပြနိုင်သူများကို အနာဂတ်မြန်မာ့လက်ရွေးစင်အသင်းအတွက် ရွေးချယ်သွားမည်ဖြစ်ရာ လူငယ်ဘောလုံးသမားများအနေဖြင့် အခွင့်အရေးကောင်းတစ်ရပ်ဟု ဆိုရပေမည်။

ပရိသတ်အားပေးမှု

ယနေ့ပွဲစဉ်၌ ဘောလုံးဝါသနာရှင်ပရိသတ်များ နှစ်ဖက်အသင်းကို မျှမျှတတအားပေးခဲ့ကြသည်။ အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းမှ ဘောလုံးသမားများ ဘောလုံးအပေးအယူ အမှားအယွင်းရှိ၍ အားမလိုအားမရ ဖြစ်ကြသည်မှလွဲလျှင် ကောင်းလျှင်ကောင်းသလို လက်ခုပ်တီးအားပေးခဲ့ကြသည်။ အတွေ့အကြုံနုနယ်သော လူငယ်ဘောလုံးသမားများဖြစ်၍ ပရိသတ်၏ အားပေးမှုသာ မကောင်းခဲ့လျှင် စိုးရိမ်စိတ်ဝင်ကာ အမှားပို၍ များသွားနိုင်သည်။ ပရိသတ်အားပေးမှု မျှတကောင်းမွန်မှုကြောင့် အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းအနေဖြင့် ပွဲအစပိုင်းသာ အမှားများပြီး ပွဲချိန်ရလာသည်နှင့်အမျှ တည်တည်ငြိမ်ငြိမ် ကစားသွားနိုင်ခဲ့ခြင်းဖြစ်သည်။

သူတို့ပါဝင်

အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းတွင် ဂိုး-ဇော်မိုးထက်၊ နောက်တန်း-မင်းမင်းထွန်း(ကျော်ဒွန်း)၊ အောင်ထွန်းလင်း၊ ချမ်းချမ်း(အေးဆန်း)၊ ဇော်မျိုးမင်း၊ ဝင်းမင်းထွဋ်၊ အလယ်တန်း-ရန်နောင်စိုး(မျိုးဇော်ဦး)၊ (ခင်မောင်လွင်)၊ လှအေးထွေး (မင်းသူအောင်)၊ နေဝင်း (အောင်သန်းဝင်း)၊ ရှေ့တန်း- စထက်နိုင်ဝင်း (ထက်အောင်)နှင့် ကျော်ကျော်စိုးတို့ ပါဝင်ကစားခဲ့ကြသည်။

တွေ့ဆုံမေးမြန်း

ခြေစမ်းဘောလုံးပြိုင်ပွဲအပြီးတွင် အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်းအသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ရှေးဦးစွာ အုပ်ချုပ်သူ ဦးကီးလှတင်အား ပွဲအပေါ်ထင်မြင်ချက် သဘောထားကိုမေးမြန်းရာ“ ယနေ့ပွဲတွင် နှစ်သင်းစလုံး ကြိုးစားကစားခဲ့ကြ၍ ပွဲကောင်းတစ်ပွဲဖြစ်ပါကြောင်း၊ မိုးဖွဲဖွဲသာရွာသဖြင့် ကွင်းခြောက်ပြီး စိတ်ကြိုက်ကစားနိုင်၍ မိုဟမ်ဘဂမ်အသင်း ပထမပွဲကထက် ကစားအားတက်လာကြောင်း၊ ကစားရသည့် အနေအထားပိုကောင်းကြောင်း၊ ပထမပွဲရှုံးထား၍ ယနေ့ပွဲတွင် အနိုင်ရရှိရေးအတွက် အသေအချာ အားထည့်ပြီးကစားခဲ့သည်ကို တွေ့ရကြောင်း၊ ပွဲချိန်တစ်လျှောက်လုံး တင်းတင်းရင်းရင်း ကစားသွားခဲ့ကြောင်း၊ မိမိတို့အသင်းမှ ကလေးများ

ယနေ့ပွဲတွင် နှစ်သင်းလုံး ကြိုးစားကစားခဲ့ကြ၍ ပွဲကောင်းတစ်ပွဲဖြစ်။

(အသင်းအုပ်ချုပ်သူ ဦးကီးလှတင်)

[ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)]

အလားအလာ ကောင်းသူများ နိုင်ငံတကာပွဲ ကစားခွင့် ရရှိ၍ အမြတ်ထွက်။

(နည်းပြချုပ် ဦးအေးမောင်ကြီး)

[ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)]

အတွေ့အကြုံနည်းကြသလို စုစည်းလေ့ကျင့်ချိန်လည်း အနည်းငယ်သာရှိခဲ့ကြောင်း၊ မိမိတို့အသင်း ရှုံးသော်လည်း ရလဒ်အပေါ် ကျေနပ်မှုရှိပါကြောင်း၊ နိုင်ငံတကာပွဲ မကစားဖူးသေးသည့် ကလေးများယခုလို ပထမဆုံး နိုင်ငံတကာပွဲ ကစားခွင့်ရ၍ အတွေ့အကြုံ အမြတ်ရရှိပါကြောင်း၊ တစ်ဖက်အသင်းက လူကောင်ကြီး၍ မိမိတို့ကလေးများ တစ်ဦးချင်းယှဉ်ရာတွင် အခက်အခဲရှိကြောင်း၊ ဂိုးရရှိအောင် ဖန်တီးအသုံးချမှု အားနည်းချက်များရှိ၍ ပြုပြင်သွားရမည်ဖြစ်ကြောင်း” ပြောကြားသည်။

ဆက်လက်၍ နည်းပြချုပ် ဦးအေးမောင်ကြီးအား ပွဲအပေါ် သဘောထားအမြင်ကို မေးမြန်းရာ “မိုဟမ်ဘဂမ်အသင်းအနေဖြင့် ပထမပွဲထက်စာလျှင် ပိုကောင်းလာကြောင်း၊ ကွင်းခြောက်၍ စိတ်ကြိုက်ကစားသွားခဲ့ကြောင်း၊ မိမိတို့လည်း ဂိုးရနိုင်သည့်အခွင့်အရေး နှစ်ကြိမ်ရရှိခဲ့ကြောင်း၊ အဆိုပါနှစ်ဂိုးဝင်လျှင် မိမိတို့အနိုင်ရမည်ဖြစ်ကြောင်း၊ မိုဟမ်ဘဂမ်အသင်းအနေဖြင့် ကစားကွက်ဖော်နိုင်သည်မှာ မှန်သော်လည်း ဂိုးသွင်းခွင့် များများစားစားမရခဲ့ကြောင်း၊ အနိုင်မရသော်လည်း ကိုယ့်ရှိသလောက် ကစားနိုင်ခဲ့၍ ရလဒ်အပေါ် ကျေနပ်ပါကြောင်း၊ လေ့ကျင့်ရက် အနည်းငယ်သာရခဲ့၍ ကစားကွက်နှင့် အံချော်သည်များရှိခဲ့ကြောင်း၊ ဂိုးရရှိအောင် ဖန်တီးနိုင်မှု အားနည်းနေသေးကြောင်း၊ လူစားခုနစ်ဦးလဲပြီး အလားအလာကောင်းသူများ နိုင်ငံတကာပွဲကစားခွင့်ရရှိအောင် လုပ်ပေးနိုင်ခဲ့၍ အမြတ်ထွက်သည်ဟု ဆိုနိုင်ပါကြောင်း” ပြောကြားသည်။ ။

စက်ဘီးပြိုင်ပွဲဝင် အားကစားသမားများ ယာဉ်အန္တရာယ် ကင်းရှင်းစေရေး ယာဉ်မောင်းများ ဂရုပြုမောင်းနှင်ရန် မေတ္တာရပ်ခံ

ရန်ကုန် ဩဂုတ် ၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ အနီးကပ်ကြီးကြပ်စီမံမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ရန်ကုန်-ပဲခူး-ရန်ကုန် အသွားအပြန် ၁၆၀ကီလိုမီတာ အမျိုးသားအလွတ်တန်းနှင့် ကီလိုမီတာ၈၀ အမျိုးသမီးအလွတ်တန်း တာဝေးစက်ဘီးပြိုင်ပွဲကို ဩဂုတ် ၇ရက်(စနေနေ့) နံနက် ၆နာရီတွင် သုဝဏ္ဏလူငယ်အားကစားလေ့ကျင့်ရေးစခန်းရှေ့မှစတင်တာလွတ်၍ပြိုင်ပွဲစတင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် အမျိုးသားအားကစားသမားများသည် ဝေဇယန္တာလမ်းအတိုင်း တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်တို့ကိုဖြတ်ပြီး ခရေပင်လမ်းခွဲမှ ပြည်လမ်းအတိုင်း ထောက်ကြန့်သို့ လည်းကောင်း၊ ထောက်ကြန့်မှ လှည်းကူးမြို့နယ်၊ အင်းတိုင်တို့ကိုဖြတ်ပြီး ပဲခူးမြို့အဝင်လမ်းလယ်ကျွန်းအဆုံး နံပါတ်(၁)သို့ ပြိုင်ပွဲဝင်စီးနင်း၍ ၎င်းမှပြန်ကွေ့ပြီးလာလမ်းအတိုင်း ပြန်လည်စီးနင်းလျက် ပြည်လမ်းမပေါ်ရှိ ဒေဂုံအထည်ချုပ်စက်ရုံရှေ့(ပျဉ်းမပင်)၌ ပန်းဝင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲဝင် အမျိုးသမီး အားကစားသမားများသည် အမျိုးသားအားကစားသမားများ စီးနင်းသည့်လမ်းအတိုင်း ပြိုင်ပွဲဝင်စီးနင်းပြီး အင်းတိုင်(၁၀)မိုင်ကုန်းမှ ပြန်လှည့်၍ ပြည်လမ်းမပေါ်ရှိ ဒေဂုံအထည်ချုပ်စက်ရုံရှေ့ (ပျဉ်းမပင်)၌ ပန်းဝင်ကြမည်ဖြစ်သည်။

သို့ပါ၍ အဆိုပါနေ့ရက် အချိန်တွင် ပြိုင်ပွဲဝင်နေကြသည့် အားကစားသမား မောင်မယ်များ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်မောင်းများက ဦးစားပေးအနေဖြင့် အထူးဂရုပြုမောင်းနှင်ပေးကြရန် သက်ဆိုင်ရာက မေတ္တာရပ်ခံထားသည်။ (သတင်းစဉ်)

အားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်း အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၅

မြန်မာအားကစားနှင့် ကျန်းမာရေးဖောင်ဒေးရှင်း အမှုဆောင်အဖွဲ့ အစည်းအဝေးကိုယနေ့မွန်းလွဲ၂နာရီက လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာအားကစားနှင့် ကျန်းမာရေး ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးရဲထွဋ်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးသန်းဇော် [ညွှန်ကြားရေးမှူး (ယှဉ်/လေ့)၊ အားကစားနှင့် ကာယပညာဦးစီးဌာန] က ရန်ပုံငွေအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှုဆောင် အဖွဲ့ဝင်များက မြန်မာအားကစားနှင့် ကျန်းမာရေး ဖောင်ဒေးရှင်း ဖွဲ့စည်းပုံစည်းမျဉ်းကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေး၊ ရန်ပုံငွေရှာဖွေရေး၊ လူထုအားကစားလှုပ်ရှားမှုနှင့် ပတ်သက်၍ ဆုများချီးမြှင့်ရေး၊ ဖောင်ဒေးရှင်း အထိမ်းအမှတ် LOGO ပြိုင်ပွဲ ကျင်းပပြီးရွေးချယ်ရေး၊ ဖောင်ဒေးရှင်းအလံနှင့် သီချင်းသတ်မှတ် ရွေးချယ်ရေးများကို ညှိနှိုင်းဆွေးနွေးကြသည်။

မြန်မာအားကစားနှင့် ကျန်းမာရေး ဖောင်ဒေးရှင်းကို နိုင်ငံသားအားလုံး အသက်ကြီးငယ် ကျား၊ မ မရွေး အားကစားတစ်မျိုးမျိုးကို လေ့ကျင့်ပြုလုပ်နေခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော နိုင်ငံသားများ ဖြစ်လာစေရေး၊ အားကစားအဖွဲ့ချုပ်များကို ထောက်ပံ့ကူညီခြင်းဖြင့် ပြည်သူအများ အားကစားလေ့ကျင့်မှု ပိုမိုလုပ်ဆောင်နိုင်စေရေး၊ အားကစားလေ့ကျင့်နေသူများထဲမှ ထူးချွန်ထက်မြက်သော အားကစားသမားများအား ဂုဏ်ပြုထောက်ပံ့ကူညီခြင်းနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းလာစေရေးဟူသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ (ကြေးမုံ)

ဧရာဝတီမြစ်နှင့် သံလွင်မြစ်ရေ ဆက်လက်ကျဆင်း

ရန်ကုန် ဩဂုတ် ၅

ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် လေးပေခန့်နှင့် မကွေးမြို့တွင် သုံးပေခန့် စိုးရိမ်ရေမှတ်များအထက်တွင် ရှိနေသည်။ အဆိုပါမြစ်ရေသည် ဆက်လက်ကျဆင်းနေပြီး ယနေ့ မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်များ အောက်သို့ ကျဆင်းနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့် စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါမြစ်ရေသည် ဆက်လက်ကျဆင်းနေပြီး ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ် အောက်သို့ ကျဆင်းနိုင်သည်။

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မိုးရာသီကျောင်းတွင်း အသင်းလိုက် ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၇ရက်မှ ဩဂုတ် ၂ရက်အထိ ကျင်းပခဲ့ရာ အကြီးတန်းပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော ဗန္ဓုလအသင်းအား တံခွန်စိုက်ဆုဖလားကို ကျောင်းကောင်စီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းမွန်က ချီးမြှင့်စဉ်။ (ကြေးမုံ)

အောင်ဝင်း မြန်မာပြန်
ကြံတိုင်းအောင် ဆောင်တိုင်းမြောက် အမူအကျင့် ၇ ရပ်
THE 7 HABITS OF HIGHLY EFFECTIVE PEOPLE
STEPHEN R. COVEY

ရွှေစည်းစိမ် – ရွှေတောင်ပြုံခရီးစဉ်

မင်္ဂလာ မြို့ ဆွေမျိုး အတွက် မွေးနေ့ဆုတောင်း

တိုက်ခန်း ဝယ်လိုသည်
အသင့်နေထိုင်ရန်၊
၂မှ၅ထပ်ထိ၊ လမ်းမတော်၊
လသာမြို့နယ်
Ph-728099နေ့စဉ်9a.m.-4p.m.

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ မောင်မျိုးနိုင်[၁၂/သလန(နိုင်)ဝ၈၁၇၂၅] သည် မိဘအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ လုံးဝတာဝန်မယူပါ။
ဖခင်–ဦးလှထွေး [၁၂/သလန(နိုင်)ဝ၂၄၅၃ဝ]သပြေကုန်းရွာ။

ဆရာမိုး Follow Me
အင်္ဂလိပ်စာ ပညာဒါန

SUCCESS LANGUAGE ACADEMY

SPOKEN ENGLISH	
	1:00 - 3:00 p.m. 14.8.04 Sat + Sun
	1:00 - 2:30 p.m. 16.8.04 Mon to Thu
	3:30 - 5:00 p.m. 16.8.04 Mon to Thu

ဖုန်း 202046

Poem MTV & VCD Karaoke
ရွှေမှုန်လွှာ အမှတ်တရ စကားသံယ်ခွန်း

AZADA

CITY FM

Ph:293294/ 295274

STAR LIGHT
Ph: 534457

လိပ်ခေါင်း ဂရင်ဂိုစဲအိန်မှာ

John Lwin စီစဉ်သည်
Fashion Festival
Fashion & Wedding Fair
7.8.04(Sat) - 8.8.04(Sun)
Grand Plaza Parkroyal Yangon
10 Am - 9 Pm

EDUCARE PRE-SCHOOL

Classes 5 days a week

Educare
Cassette/ Computer CD/VCD
Experience
class
(Ferry စီစဉ်ပေးပါသည်)

ရွှေသင်း၊ သမင်ဖြူ

၃၁–၇–၂၀၀၄ရက်ကြေးမုံသတင်းစာ စာမျက်နှာ(၁၇)ပါ ဒေါ်တင်တင်ဝင်းနှင့် အများသိစေရန်ကြေညာချက်အပေါ် ဦးတင်ဝင်း(ကောက်တဲ့)နှင့်အများသိစေရန် ပြန်လည်အသိပေးကြေညာချက်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ချမ်းသာလမ်း၊ အမှတ်(၃)နေ ဒေါ်တင်တင်ဝင်း [၁၂/မဂတ(နိုင်)ဝ၃၇၁၁၈]၏ ညွှန်ကြားချက်များအရ ပြန်လည်အသိပေးကြေညာအပ်ပါသည်။

ဦးတင်ဝင်း(ကောက်တဲ့)၏ ကြေညာချက်မှာ မှန်ကန်မှုမရှိသည့်အတွက် ဦးတင်ဝင်း(ကောက်တဲ့)တင်ပြသော ပစ္စည်းများသည် ဦးတင်ဝင်း(ကောက်တဲ့)နှင့် လုံးဝ(လုံးဝ) မသက်ဆိုင်ကြောင်း ပြန်လည်အသိပေးကြေညာအပ်ပါသည်။

ဒေါ်တင်တင်ဝင်း[၁၂/မဂတ(နိုင်)ဝ၃၇၁၁၈]၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးမြင့်အောင်(အယ်လ်အယ်လ်ဘီ) တရားရုံးချုပ်ရှေ့နေ
အမှတ်(၂၄)၊ ဗိုတောက်လမ်း၊ တပ်မြေ၊ အမှတ်(၆)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

THE BEST **အကောင်းတကာထဲကအကောင်းဆုံး**

Nice-Sleep Pillow

- သယ်ယူရလွယ်ကူစေရန်အတွက် လေဖိအား ပေးထားသော Press Pillow ခေါင်းအုံးများကို အသစ်ထပ်မံ ထုတ်လုပ် ဖြန့်ချိပေးနေပါသည်။
- ဆိုတီးဟုမ်း Show Room များနှင့် အမြို့မြို့အနယ်နယ် ဆိုင်တိုင်းတွင် ဝယ်ယူအားပေးနိုင်ပါသည်။

မကြာမီ THE BEST ဝက်ဆိပ် အိပ်ယာခင်းများ၊ ခေါင်းအုံးစွပ်၊ ဖက်လုံးစွပ်များကို ထုတ်လုပ်ဖြန့်ချိပေးတော့မည်ဖြစ်ကြောင်း ကြိုတင်သတင်းကောင်းပါးလိုက်ပါသည်။

THE BEST ဆီလီကွန်ခေါင်းအုံးသည်

၁။ နူးညံ့ပျော့ပျောင်းခြင်း။
၂။ ကျန်းမာရေးနှင့်ညီညွတ်ခြင်း။
၃။ အိပ်စက်ရာတွင် သက်တောင့်သက်သာရှိခြင်း။
၄။ အလုံးလိုက်လျှော်ဖွတ်နိုင်ခြင်း။
၅။ အနံ့အသက်ကင်းစင်ခြင်း၊ ... တို့ကြောင့် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။

THE BEST ခေါင်းအုံးကို ဆိုတီးဟုမ်းကုမ္ပဏီမှ ထုတ်လုပ်ပါသည်။

မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲ ကျင်းပ

ကျောက်တံခါး ဇူလိုင် ၂၀

ကျောက်တံခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိန်နှင့် အဖွဲ့ဝင်များမှ ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဇူလိုင် ၃ ရက် နံနက် ၇ နာရီတွင် သစ်ပင်စိုက်ပွဲကို အထကကျောက်တံခါးမြို့၌ လည်းကောင်း၊ နံနက် ၈ နာရီတွင် အထိမ်းအမှတ်အခမ်းအနားကို မြို့နယ်စည်ပင်သာယာခန်းမ၌ လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် အထကကျောက်တံခါးမြို့၌ ဟောပြောပွဲကိုလည်းကောင်း၊ ညနေ ၅ နာရီတွင် မြန်မာ့ရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲကို မြို့နယ်စည်ပင်သာယာခန်းမ၌လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** **(မြို့နယ်ပြန်/ဆက်)**

ဟဲလုံကျေးရွာ၌ နယ်လှည့်စာကြည့်တိုက်ဖွင့်

မိုးညှင်း ဩဂုတ် ၂

မိုးညှင်းမြို့နယ် ဟဲလုံကျေးရွာတွင် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၃ ရက်က မူလတန်းကျောင်းဆောင်တွင် ကျင်းပရာ ဟဲလုံကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောထွန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးမာန်ငိုင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာအုပ်အလှူရှင်များဖြစ်ကြသော ဦးထွန်းရီ (ရွှေကျွန်းယဉ် မြတ်)၊ ဦးချစ်ဦး(မိုးသစ်ဦး-ကချင်) နှင့် ဒေါ်ခင်မာဆွေ(တင်တင်ဆွေမာ-မိုးညှင်း)တို့က မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမ ဒေါ်ချောရည် (မချောယဉ်-မိုးညှင်း)က လက်ခံရယူသည်။

ဆက်လက်၍ နံရံကပ်စာစောင်များ ဓာတ်ပုံပြခန်းနှင့် ပညာပေးဗီဒီယိုဓာတ်လမ်းများကိုလည်း ခင်းကျင်းပြသရာ ကျေးရွာနေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြသည်။

(မြို့နယ်ပြန်/ဆက်)

ထင်းစိုက်ခင်း စိုက်ပျိုးပွဲကျင်းပ

နွားထိုးကြီး ဇူလိုင် ၃၀

နွားထိုးကြီးမြို့ ပဒေါင်းကျေးရွာအုပ်စု ညောင်ပင်ရွာကျေးရွာတွင် ကျေးရွာပိုင် ထင်းစိုက်ခင်းစိုက်ပျိုးပွဲကို ဇူလိုင် ၂၃ ရက် နံနက်၉နာရီက မြင်းခြံ-ရေဝန်း ကားလမ်းဘေး လက်ဆောင်ကန်ကွင်း ကွင်းအမှတ်(၆၈၄) အကွက်အမှတ်(၆၉၇)တွင် ကျင်းပရာ ပဒေါင်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အဖွဲ့ဝင်များ၊ ကျေးရွာစည်းရုံးရေးမှူး ဦးပိုင်နှင့် အသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူ ၃၀၀ တို့က ထင်းအပင်မျိုးစုံ ၆၀၀ ကျော်ကို စိုက်ပျိုးကြသည်။ **(၉၄)**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တာပကျေးရွာအုပ်စုတွင် ဇူလိုင် ၂၇ ရက်က နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲပြုလုပ်ရာ ဦးစီးဌာနမှူး ဦးဝင်းနွယ်က တာပကျေးရွာဥက္ကဋ္ဌသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(မြို့နယ်ပြန်/ဆက်)

မြို့နယ် သတင်းများ

မြို့ပြစီမံကိန်းရေးဆွဲရေး ကွင်းဆင်းတိုင်းတာ

ကာမိုင်း ဇူလိုင် ၂၅

ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ကွပ်ကဲမှုဖြင့် ကာမိုင်းမြို့ မြို့ပြစီမံကိန်းရေးဆွဲရေး ဆောင်ရွက်လျက်ရှိရာ စီမံကိန်းရေးဆွဲရေးအတွက်လိုအပ်သည့်အခြေခံစာရင်းဇယား အချက်အလက်များ ရယူရန် ဇူလိုင် ၁၀ ရက်က ကွင်းဆင်း တိုင်းတာဆောင်ရွက်ခဲ့ကြသည်။

(ပြည်နယ်စည်ပင်)

မန္တလေးတိုင်း၌ သီးနှံကာကွယ်ရေး သင်တန်းပို့ချ

မန္တလေး ဩဂုတ် ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန မန္တလေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေးလုပ်ငန်းစဉ်များ တာဝန်ပေးအပ်ပွဲနှင့် သင်တန်းပို့ချခြင်း အခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းမကြီးနှင့် (၇၃)လမ်းထောင့်ရှိ မန္တလေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ကြင်၊ ဒုတိယတိုင်းမန်နေဂျာ ဦးကိုလေး၊ တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်တင်တင်ထွေး၊ တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ် သီးနှံကာကွယ်ရေးတာဝန်ခံများ၊ တိုင်းသီးနှံဌာနစိတ်တာဝန်ခံများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမန်နေဂျာ ဦးအောင်ကြင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းသီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်တင်တင်ထွေးက မန္တလေးတိုင်းအတွင်း ၂၀၀၄-၂၀၀၅ ခုနှစ် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် သီးနှံကာကွယ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးပြီး သီးနှံကာကွယ် ရေးလုပ်ငန်းနှင့် ပတ်သက်၍ သင်တန်းပို့ချကြောင်း သိရသည်။

(က-ပ)

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ဇူလိုင် ၃၀ ရက်က ပုသိမ်-ချောင်းသာ ကားလမ်းဘေး စိမ်းလန်းစိုပြည်လှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးတင်ဌွေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသိန်းတို့က လိုက်လံကြည့်ရှုစဉ်။

(မြို့နယ်/စည်ပင်)

အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြု ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

ဟသ်ာတ ဇူလိုင် ၂၁

၂၀၀၄ ခုနှစ် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ငါးခရိုင် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲတွင်သုံးနှစ်ဆက်တိုက် ပထမဆုရ ဟသ်ာတခရိုင် ဘက်စကက်ဘောအသင်း၊ ဒုတိယဆုရ အမျိုးသမီး ဘတ်စကက်ဘောအသင်းနှင့် ငါးခရိုင် အသက်(၁၇)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ပထမဆုရ ဟသ်ာတခရိုင် ဘောလုံးအသင်း အားကစားသမားများအား ဂုဏ်ပြုပွဲကို ဇွန် ၂၈ ရက် နံနက်၉နာရီက ဟသ်ာတမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

ပေးအပ်

အခမ်းအနားသို့ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အားကစားသမားများ တက်ရောက်ကြပြီး အောင်ပွဲရဆုဖလားများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ပြုံးထံ အသင်းအုပ်ချုပ်သူ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် အားကစားသမားများက ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

(ခရိုင်ပြန်/ဆက်)

သစ်ပင်စိုက်ပျိုးပွဲကျင်းပ

သံတောင် ဇူလိုင် ၂၂

သံတောင်မြို့နယ် သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် မြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၅ ရက်က သံတောင်မြို့တွင် ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ သံတောင်မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမောင်မောင်နှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြမြဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးခင်မောင်ဦးနှင့် ဝန်ထမ်းများ၊ ပြည်သူများ တက်ရောက်ကြပြီး သစ်ပင်မျိုးစုံ ၁၇၅၀၀ ကို စုပေါင်း စိုက်ပျိုးကြသည်။

(ဝ၃ဝ)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ ကျင်းပ

ကျောက်ဆည် ဇူလိုင် ၂၅

ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ကုန်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဇူလိုင် ၃ ရက် နံနက် ၇ နာရီက ကျောင်းဝင်းအတွင်းနှင့် ကျောင်းဝန်းကျင်တွင် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ကျောင်းအုပ်ဆရာကြီး ဦးဝင်းအေးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မိဘဆရာအသင်း အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ ကျောင်းကောင်စီအသင်း ငါးသင်းမှ ကိုယ်စားလှယ်များ၊ ကျောင်းသား၊ ကျောင်းသူ ၇၀၀ ကျော်ပါဝင်ကြပြီး ဘောစကိုင်၊ တည်ပင်၊ ပန်းတမာပင်၊ မဲဇလီနှင့်နှစ် ရှည်အရိပ်ရပင် ၃၀၀ ကျော်ကို စိုက်ပျိုးကြရာ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးနှင့် အသင်းဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။**(၃၈၇)**

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးမြတ်လေးပန်းခြံအတွင်း မြေခင်းအလှပြုပြင်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို ဇူလိုင် ၁၈ ရက်က ဒု-ဦးစီးမှူး ဦးခင်တိုးနှင့် ဝန်ထမ်းများက ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

လှိုင်သာယာမြို့နယ်သမဝါယမ ဦးစီးဌာန ဝန်ထမ်းများက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့သို့ အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကို ဇူလိုင် ၁၈ ရက်က မြို့နယ် သမဝါယမ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသမီးများအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်စောဝင်းက မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်သောင်းသို့ အဆိုပြုလွှာများ ပေးအပ်စဉ်။ (၄၉)

ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အနိုင်ရရှိသွားသော အမှတ်(၈)ရပ်ကွက် ဘောလုံးအသင်းအား ဇူလိုင် ၁၈ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူ ဆုဖလားချီးမြှင့်စဉ်။ (က-ပ)

ကျေးလက်ကျောက်ချောလမ်း ကျောက်စုဆောင်း

ဘိုကလေး ဇူလိုင် ၁၅

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဇူလိုင် ၅ ရက် နံနက်ပိုင်းက ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သော သာပေါင်း၊ ညီနောင်၊ ပေချောင်းကျေးလက်ကျောက်ချောလမ်း ကျောက်ဝယ်ယူစုဆောင်းမှုကို အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဒေါ်သီတာစိုးက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်သည်။

အဆိုပါကျောက်ချောလမ်းသည် အရှည် ပေ ၆၀၅၀ ရှိပြီး ယခုဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေကျပ် ၂၈၇၀၀၀၀ အကုန်ကျခံကာ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

မွေးနေ့ဆုတောင်း

မောင်စိုးသူအောင်

ချစ်သားကြီး **မောင်စိုးသူအောင်**၏ ၆-၈-၂၀၀၄ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် အေးချမ်းသာယာသော မိသားစုနှင့်အတူ နိုင်ငံ့အကျိုးသယ်ပိုးနိုင်သော သားကောင်းရတနာလေး ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---။

ဖေဖေ-ဦးသာအောင်(ငြိမ်း) အထက(၁)၊ ဘားအံ
မေမေ-ဒေါ်ကြည်ကြည်အေး (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)
ညီမလေး-မအေးမြတ်မြတ်သူ (အထက-၁၊ ဘားအံ)။

(Lucky Diamond Star)
(L.L.B) View Point Res:-
(Angel Restaurant)
TTC

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်းဒ္ဓသာခန့်ထားရန်)

1. Sale Centre Manager(Admin) M/F (1) Post
(Age 28-35)
2. Sale & Marketing Staff M (2) Posts
(Age 23 years above)
3. Office Staff F (2)Posts
(Age 28-35)

** သက်ဆိုင်ရာလုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံ(၂)နှစ်ရှိရမည်။
** ကားပစ္စည်းကျွမ်းကျင်သူ အထူးဦးစားပေးမည်။

လျှောက်ထားလိုသူများသည် မှတ်ပုံတင်မိတ္တူ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၁)ပုံနှင့်တကွ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ- အမှတ်၃၀(ဘီ)၊ အနီဃာလမ်း၊
ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၅၇၀၃၆၀၊ ၅၇၈၇၃၁။

NIBBAN
ELECTRIC & ELECTRONICS

ဝန်ထမ်းအလိုရှိသည်

NIBBAN GROUP

မကွေးကောလိပ်ကျောင်းဆင်းကြီးမ်အာစရိယပူဇော်ပွဲနှင့်ဆော်ကြာ

ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနရှိ အသုံးမပြုတော့သည့် အောက်ဖော်ပြပါ မော်တော်ယာဉ်အဟောင်းများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

စဉ်	ယာဉ်အမျိုးအစား	အရေအတွက်	ယာဉ်တည်နေရာ
၁။	မော်တော်ယာဉ်မျိုးစုံ	(၂၁)စီး	ရန်ကုန်မြို့

၂။ **တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံ**-၉-၈-၂၀၀၄ မှ ၂၃-၈-၂၀၀၄ရက်ထိ **ရောင်းချမည့်နေ့** (ရုံးချိန်အတွင်း)
၃။ **တင်ဒါစတင်တင်သွင်းရမည့်နေ့**-၁၀-၈-၂၀၀၄နေ့မှစ၍ (ရုံးချိန်အတွင်း)
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့**-၂၄-၈-၂၀၀၄ရက် မွန်းတည့်၁၂နာရီ
၅။ **တင်ဒါဖွင့်လှစ်ရောင်းချမည့်နေ့**-၂၄-၈-၂၀၀၄နေ့ ၁၃:၀၀နာရီ
၆။ **တင်ဒါတင်သွင်းရမည့်နေရာ**-ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)၊အမှတ်-၆၂၂(ဒုတိယထပ်)၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ရန်ကုန်မြို့။
၇။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ကျပ် ၂၅၀၀/- (ကျပ်နှစ်ထောင့်ငါးရာတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန။

စုလတ်မောင်
မာနစစ်ပွဲ

အများသိစေရန်

ရန်ကုန်တိုင်း၊ တာမွေတိုက်နယ်၊ မြေကွက်ရပ်ကွက်အမှတ်(၄/ဘီ)၊ ဦးပိုင်အမှတ်(၃၀)၊ အကျယ်အဝန်း(၀ ဒသမ ၂၀၆)ဧက၏ တစ်ဝက်ခြမ်း (မြောက်ခြမ်း) အကျယ်အဝန်း(၀ဒသမ၁၀၃)ဧကရှိ ဘိုးဘွားပိုင်မြေနှင့်မြေပေါ်ရှိ အမှတ်(၄၅၁)၊ ဆီစက်ဝင်း၊ နွားနို့တန်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟုခေါ်သော နှစ်ထပ်အဆောက်အအုံမှာ ကျွန်ုပ်အမှုသည်ဒေါ်သန်းကြည် (ဘ)ဦးလှ[၁၂/မဂတ(နိုင်)၀၅၃၁၃၂]၏ အမည်ပေါက်(အထက်ပါပစ္စည်း)ဖြစ်ပါသည်။

ကျွန်ုပ်အမှုသည် ဒေါ်သန်းကြည်(တစ်ဦးတည်းကသာ)တရားဝင်ပိုင်ဆိုင်ပါသည်။ ထင်ယောင်ထင်မှား ပိုင်ဆိုင်ကြောင်း ပြောဆို/ပြုလုပ်သူများရှိပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ကျွန်ုပ်အမှုသည်မှ တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းရင်ဆိုင်ခြင်း၊ အရေးယူဆောင်ရွက်မှုများ ပြုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ညွှန်ကြားချက်အရ - ဦးမျိုးသိန်း
တရားရုံးချုပ်ရှေ့နေ(စဉ်-၂၉၅၅)
(B,Sc,R.L)
တိုက်(၇)၊ အခန်း(၄)၊ ၅၁လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

အများသိစေရန်ကြေညာချက်

၁။ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ မြေတိုင်းအမှတ်(၁၃)၊ မြေကွက်အမှတ် (၃၂၈)၊ ယမုံနာလမ်း၊ အမှတ်(၂၃၇) တွင် ပိုင်ရှင်ဦးထွန်းမြင့်ထွန်း၊လိုင်စင်ရကန်ထရိုက်တာဦးကျော်မင်းထွန်း (L.C-၂၆၇) ဖြင့် (၆) ထပ်တိုက်အဆောက်အဦအား (၉.၇.၂၀၀၃) ရက်စွဲဖြင့် ခွင့်ပြုမိန့်ပေးထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ ပိုင်ရှင်ဦးထွန်းမြင့်ထွန်းမှ ယခင် (၆) ထပ်တိုက်အစား (၅) ထပ်တိုက် ပြောင်းလဲဆောက်လုပ်ခွင့်ပြုပါရန် ဌာနသို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်အကြောင်းရှိပါကသက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ရက်ပေါင်း (၁၅) ရက်အတွင်း ဌာနသို့ လျှောက်ထားကန့်ကွက် နိုင်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

ဌာ န မှူး
အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

FAME
Hepa-B®

M C C
Course Content
- Computer Technology
- Introduction to Internet
- Logic Building
- Visual Basic Programming
- Microsoft Office Application
  - Microsoft Word XP
  - Microsoft Excel XP
  - Microsoft Power Point XP

Course Content
- Windows XP
- Microsoft Word XP
- Microsoft Excel XP
- Microsoft Powerpoint XP
- Adobe PageMaker 7.0
- Using Internet & E-mail

GCE
Commencing Date : August 2004
212357, 252821

SHALOM
ICT Training Centre
- Office Application Course
- Desktop Publishing Course
- PC Maintenance Course
- Computerized Accounting Course
- Using Internet & E-mail Course
- Creating Songs Program With Computer (Cakewalk Pro Audio 9.0)
- Graphic Design Course
- Secretary Course
- English Speaking Course

အမည်ပြောင်းခြင်း

ဦးထင်ကျော်၏သား အထက(၆) ရွှေပေါက်ကံမြို့၊ ဒသမတန်း(A)မှ မောင်ကျော်စွာဟိန်းအား နိုင်ငံသား စိစစ်ရေးကတ်အမှတ် [၁၂/ဥကမ(နိုင်) ၂၀၀၃၆၉] အရ မောင်ကျော်ကျော်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်ကျော်ဝင်း။**

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးအောင်သိန်း၏ သားဖြစ်သူ မောင်ပြည့်ဖြိုးကိုအား ပြည့်ဖြိုးကို(ခ) မောင်မောင်ဟု ဖြည့်စွက်ခေါ်ပါရန်။
မောင်ပြည့်ဖြိုးကို(ခ)မောင်မောင်။

Congratulation !

to

U Thein Htwe (Managing Director)

HEIN SI TRADING CO.,LTD

31st July , 2004 တွင် *Traders Hotel* ၌ ကျင်းပသော

KANGZEN-KENKO INTERNATIONAL (MYANMAR)

အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း
နှင့် လုပ်ငန်းများဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်း
ဆုမွန်ကောင်းများပို့သအပ်ပါသည်။

ဦးအောင်မြတ်ထွန်း၊ ဦးအောင်မျိုးမင်း၊ ဦးဝင်းမြင့်၊ ဦးဇော်ထွေး၊ ဦးသန့်ဇင်၊ ဦးဘရွှေ၊
ဦးစင်မောင်ဝင်း၊ ဦးညီညီနိုင်၊ ဦးညီညီလွင်၊ ဦးထွန်းကြွယ်၊ ဦးစောထူးလွင်၊

FOREVER GROUP

Professional Digital Graphics Design

Stunning Visual Effects for Digital Video

Advanced Hands-on Training in Maya

No. 173/175 Pansodan Street, Kyauktada Township, Yangon. Ph: 01 - 256265, 703180

အကောင်းကြိုက်တို့ အရသာရှိရှိ စားသုံးလိုသော မိတ်ဆွေသူများအတွက်

ကော်ဖီနှင့် မြိတ်အစားအစာများ

စားသောက်နိုင်ပါပြီ။

Tin - Are Restaurant

သင်အာ စားသောက်ဆိုင်

No.308, Kyone Gyi Street, Between Wardan Street and 4th Street, Yangon, Myanmar. Tel : 221854

- ထူးခြားတဲ့အရသာ
- သက်သာတဲ့နှုန်းထား
- သန့်ရှင်းလှပတဲ့ အနေအထားဝန်ဆောင်မှု

အဆင့်အတန်းမြင့်မြင့် စီစဉ်ထားပါသည်။

အမှတ်(၃၀၈)၊ ကျုံးကြီးလမ်း၊ (ဝါးတန်းလမ်းနှင့် ၄လမ်းကြား)၊ ဖုန်း - ၂၂၁၈၅၄

ACE Data Systems

ကွန်ပျူတာသင်တန်းများ

Certificate in Software Engineering Level (1)

Opening Date: 17th August 2004

Managed by BizSoft

ဖုန်း - ၂၅၄၈၂၄၊ ၄၄၁၀၂၀၇

WE ARE NUMBER ONE

Hilux, VAN, Saloon, Pickup, Townace

☎ 249380, 720609, 710696

အမည်ပြောင်းခြင်း

ဦးထွန်းဝင်း၏သား အထက-၅၊ ဗိုလ်တထောင်၊ ပထမတန်း(A)မှ မောင်ကျော်ဇင်ထွန်း(ခ)ကျောက်ကျွတ်ဖုန်အား ယနေ့မှစ၍ ကျော်ဇင်ထွန်း(ခ)ကြူကြီးဖုန်ဟု ပြောင်းလဲခေါ်ပါရန်။ **ကျော်ဇင်ထွန်း(ခ)ကြူကြီးဖုန်။**

"ကလေးများအတွက် ကွန်ပျူတာသင်တန်းများ"

MCC STANDARD Weekend Course

ပထမံသဏ္ဍာအောင်

LCCI

Computerised Accounting Diploma

(ကွန်ပျူတာစာရင်းကိုင်ဒီပလိုမာသင်တန်း)

*LCCI (UK)မှ အောင်လက်မှတ်ရရှိမည်။

*စာရင်းပညာအခြေခံရှိသူတိုင်း တက်ရောက်နိုင်သည်။

*သင်တန်းစတင်လက်ခံနေပါပြီ။

ဆက်သွယ်စုံစမ်းရန်-ဦးသူရရှိန် (MBA, CIMA Stage 3)

အမှတ်-၆၁၁၊ (၅)လွှာ၊ မဟာဗန္ဓုလလမ်းနှင့် (၂၃)လမ်းထောင့်၊ ဖုန်း-၂၈၇၃၄၀၊ ၀၉၅၀၀၃၄၉၉။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ခန့်ထားရန်)

၁။**Reception** (၃) ဦး

၂။**အရောင်းစာရေး** ကျား/ (၃) ဦး

လျှောက်ထားသူအားလုံးသည် ကိုယ်ရေးမှတ်တမ်း၊ ဓာတ်ပုံ(၁)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်တကွ Yangon Medical Centre အမှတ် (၁၂၆/အေ)၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း
အကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ၃၇၃)
အနောက်ပိုင်းခရိုင်တရားမရုံး၌
၂၀၀၄ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၆၃
ကွယ်လွန်သူဦးဘိုးအောင်၏ ကျန်ရှိရစ်သောပစ္စည်းအကြောင်း

ဒေါ်ခင်ကြည်ကြည် **လျှောက်သူ**

မ/၇၅၊ ဗားဂရာလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ခင်ကြည်ကြည်က ကွယ်လွန်သူ ဦးဘိုးအောင်၏ ဇနီးဖြစ်သည်ဟူ၍ မ/၇၅၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့နေ ၎င်းကွယ်လွန်သူ ဦးဘိုးအောင်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးဘိုးအောင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၄ခုနှစ် ဩဂုတ်လ၁၀ရက်(၁၃၆၆ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်ခင်ကြည်ကြည်၏လျှောက်ချက်ကို နားကြား၍ လက်မှတ်ရသင့် မရသင့်သည် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ် ဇူလိုင်လ၂၆ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ထွန်းဝေ(တ/၁၆၇၂)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

နာဂါး

ဂီတရသမဂ္ဂဇင်း

DRAGON KING

TV - VIDEO, VCD, DVD & RADIO CASSETTE

01-391988-282304

သုသီတာ ငန်းနီကျော်

ဆေးစားပါ

အများသိစေရန်ကြေညာချက်

၁။ စမ်းချောင်းမြို့နယ်၊ ကျွန်းတော (တောင်)ရပ်ကွက်၊ မအူပင်လမ်း၊ အမှတ် (၄၂)၏ ဓေါင်းရင်းမြေကွက်အကျယ် (၁၂ ၃/၄'× ၅၀') ပေတွင် ပိုင်ရှင်ဒေါ်မြသွယ် (AA ၁၁၀၄၁၈) မှ (၃)ထပ်တိုက်အဆောက်အဦဆောက်လုပ် ခွင့်ပြုပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။

၂။ ယင်းသို့လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်အကြောင်းရှိပါက သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ရက်ပေါင်း (၁၅)ရက်အတွင်း ဤဌာနသို့ လျှောက်ထားကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြယ်နီ-ငန်းဆေး ကို သုံးပါ

UFL ဝင်ခွင့်သင်တန်းဖွင့်မည်

UFL ဝင်ခွင့် ၉ရက်မှစ၍ ၂၀ရက်အထိ နေ့တိုင်းတက် မွန်းလွဲ ၂နာရီမှ ၃နာရီခွဲအထိ၊ ဂျပန်စကားပြောသီးသန့်၊ နိုင်ငံခြားသွား၊ ရုံးသုံး၊ လုပ်ငန်းသုံး၊ နေ့စဉ်သုံး၊ ဂျပန်ပြန်ဆရာက တစ်ဦးချင်း တစ်ပတ်ငါးရက် တစ်လပြတ်သင်ကြားပေးသည်။ **အရှေ့ရန်ကင်းတိုက်-၂၈၂၊ အခန်း-၁၊ ရန်ကင်းကြားမှတ်တိုင်၊ C.M.A ရုံးရှေ့ဘေးလမ်းမှဝင်ရန်။**

အမည်ပြောင်းခြင်း

ဦးစိုးမြင့်-ဒေါ်ဝင်း တို့၏သား ငွေးချိုရွာ၊ ဒသမတန်း(A)မှ မောင်ငယ်လေးအား မောင်ငြိမ်းချမ်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ငြိမ်းချမ်း။**

Special German Speaking Class
for 2 months Course by Native Speaker

*Pre-Intermediate Level
* Intermediate Level
*Advance Level (Plus Tourism)
-Start from August
-5 days a week (1½ hrs. per section)
-Small class with limitation
For more details, please call Tel: 203500, 203503, 203565, 244204 between 12:00 to 13:00

လူပျောက်ကြော်ငြာ



ဓာတ်ပုံရှင် ဦးမောင်ဟုန် (ဘ) ဦးမောင်ဟုတ်သည် ၂၅-၇-၂၀၀၄ ရက်တွင် နေအိမ်မှ ပျောက်သွားပါသဖြင့် တွေ့ရှိပါက အောက်ပါ လိပ်စာသို့ အကြောင်းကြားပို့ပေးသူအား ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်-
ဒေါ်ကျင်သန်း
အမှတ်(၁၃၀၆)၊ ရွှေလက်လှလမ်း၊ ရွှေလက်လှရပ်ကွက်၊ ပြည်မြို့၊ ၀၅၃-၂၂၀၄၅၊ ၂၅၆၁၆၊ ၂၄၈၇၅၊ ၂၄၈၉၄။

အမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။မန်နေဂျာအမျိုးသား (၁)ဦး (ဘွဲ့ရ ၃၅-၄၀နှစ်အတွင်း)
လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

၂။အလုပ်သမားမှတ်ပုံတင်ရှိရမည်။

Easy စားသောက်ဆိုင်
အမှတ်-၂၆၊ ကျောက်ကုန်းလမ်းနှင့်အောင်ဇေယျလမ်းထောင့်၊ ဖုန်း-၇၀၈၇၉၄၊ ၅၆၆၄၉၉၊ ၀၉၅-၀၁၀၂၉၉။

ကျေးဇူးဆပ်ပါမည်

ရန်ကုန်မြို့၊ အမှတ်(၂၆၆)၊ မေတ္တာလမ်း၊ အောက်မြေရိပ်သာနေ မမာလာမောင်၏ နိုင်ငံကူးလက်မှတ် ၀၉၄၀၅၃ ပျောက်ဆုံးသွားပါ၍ တွေ့ရှိကအကြောင်းကြားပါ။ **မာလာမောင်။**

ပွဲရုံငှားရန်

20'x60'၊ ရေ၊ မီး၊ သစ်သားအခင်းပါ၊ ကုမ္ပဏီဂိုဒေါင်သင့်တော်၊ ပွဲစားမလို။ **ဖုန်း-၆၈၀၃၁၁၊ ၂၄၃၂၂၆။ ၃၁-၆၈၊ ယုဇနလမ်း၊ ဘုရင့်နောင်ပွဲရုံ။**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၁၅၂)၊ အခန်း(၆)၊ ပထမထပ်(ဝဲ)၊ ၃၄လမ်းနေ ကျွန်တော်၊ကျွန်မတို့၏ သမီးဖြစ်သူ မခိုင်စန်းဝေအောင်[၁၂/ကတတ(နိုင်)၀၀၁၅၄၂]သည် မိဘ ဆိုဆုံးမစကားများကို နားမထောင်ပါသဖြင့် ၂၇-၇-၂၀၀၄ရက်နေ့မှစ၍ အမွေစားအမွေခံ သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင် - ဦးဝေလင်းအောင်
[၁၂/ကတတ(နိုင်)၀၀၈၂၅၈]
မိခင် - ဒေါ်ခင်စန်းရီ
[၁၂/ကတတ(နိုင်)၀၁၅၁၉၂]

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးခရိုင်၊ဒိုက်ဦးမြို့နယ်၊ပန်းခိုင်ကျေးရွာနေ (ဦးဘိုဖြူ)-ဒေါ်မြသွေး တို့၏ သမီး မတင်ငွေးဝင်းသည် မိခင်၏ သွန်သင်ဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် မိခင်အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၃၀-၇-၂၀၀၄ ရက်တွင် မိခင်၏ ရွှေငွေလက်ဝတ်ရတနာများနှင့် အရေးကြီး စာရွက်စာတမ်းများကို ယူဆောင်၍ နေအိမ်မှထွက်ခွာပြီး ခွင့်မလွှတ်နိုင်သော ကိစ္စများ ပြုလုပ်ကျူးလွန်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ **ဒေါ်မြသွေး**
[၇/ဒဥန(နိုင်)၀၂၇၅၃၁]
ပန်းခိုင်ကျေးရွာ၊ ဒိုက်ဦးမြို့နယ်။

MIT MPEC

• Windows Basic Course
-Microsoft Word
-Microsoft Excel
-Microsoft PowerPoint
-Adobe PageMaker
-E-mail & Intranet usages
• Graphic Design Course
-CorelDRAW
-Adobe Illustrator
-Adobe Photoshop 7.0
Phone: 585278,502881,539151

MIT
Education Center
❖ Internet & E-mail Short Course
❖ Internet Fundamental Course
❖ Windows Basic Course
❖ Computerized Accounting
❖ Powerpoint Presentation Course
Onsite Training
No.112,Rm-11-12, 8 Mile,Pyay Road,Yangon
Phone : 668779,668259,650124

Aircon:
Express Seat
Ph: 376435, 246968, 723686, 241001 to 7

ရုပ် (1)
TV, VCD, DVD
Ph : 560339

Honey Moon

အိမ်၊ ကုမ္ပဏီ၊ စက်ရုံသုံးလချုပ်ကားမျိုးစုံငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

Ph: 095018867, 240832
°287129

အမည်ပြောင်း

အဘ ဦးဇော်ဦး၏သမီး အထက(၁)၊ မရမ်းကုန်း၊ ပဋ္ဌမတန်း(B)တွင် ပညာသင်ကြားနေသော မအိအိဇော်အား မမြတ်ဆုဝေဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မမြတ်ဆုဝေ။**

အမည်ပြောင်းလဲခေါ်ပါရန်

အထက(၂)၊ ဗန်းမော်မြို့၊ အဋ္ဌမတန်း(A)မှ ဦးစိုးလွင်၏သမီးဖြစ်သူ မဆုရည်ဝင့်အားမအေးဆုရည်ဝင့်ထက်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်းခြင်း

ဦးစိုင်းအင်၏သား အထက(၂)၊ ကျိုင်းတုံမြို့၊ ဒသမတန်းမှ စိုင်းဝန်းဖိတ်အား စိုင်းဆွမ်ဖိတ် [၁၃/မဖန(နိုင်)၀၁၉၉၆၉]ဟု ပြောင်းလဲခေါ်ပါရန်။ **စိုင်းဆွမ်ဖိတ်။**

TV ...
Ph - 538885

NPE NPE

အမည်ပြောင်း

အဘဦးလှဝင်းမြင့်၏သား အထက(၂)ကမာရွတ်၊ သတ္တမတန်း(D)တွင် ပညာသင်ကြားနေသော မောင်ဟိန်းထက်ဇော်အား မောင်ကျော်ထက်ဝေဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကျော်ထက်ဝေ။**

အမည်ပြောင်း

အဘဦးလှဝင်းမြင့်၏သမီး အထက(၂)ကမာရွတ်၊ ဆဋ္ဌမတန်း(A)တွင် ပညာသင်ကြားနေသော မထက်အောင်ရှိန်းအား မဆွေသဇင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဆွေသဇင်။**

ဗန်းမော်အသင်း(ရန်ကုန်)

ဒေါ်အေးသင်(အမေသဲ)

အသက်(၇၀)

အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကြည်သိန်း–ဒေါ်မာမာရှိန်တို့၏မိခင်သည် ၂၃–၇–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၇–၇–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **အမှုဆောင်အဖွဲ့။**

ဗန်းမော်အသင်း(ရန်ကုန်)

ဆရာမ ဒေါ်တင်အေး(ငြိမ်း)

အသက်(၈၁)နှစ်

အထက(၁)ဗန်းမော်

ရန်ကုန်မြို့၊ အမှတ်(၁၃)၊ စတုတ္ထထပ်၊ ၁၅၃လမ်း၊ တာမွေမြို့နယ်နေ (ဦးဘရမ်းဆင်–ဒေါ်ဖွားမယ်)တို့၏သမီးသည် ၂၇–၇–၂၀၀၄နေ့တွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **အမှုဆောင်အဖွဲ့။**

တစ်နှစ်ပြည့်လွမ်းဆွတ်

သတိရခြင်း

ချစ်ဇနီး သင်းသင်းနိုင် မိသားစုကို ခွဲခွာသွားခဲ့သည်မှာ ၆–၈–၂၀၀၄ရက်တွင် တစ်နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ ချစ်ဇနီးအတွက်ရည်စူး၍ ပြုခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုကို ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။ မြင့်မြတ်၍ ငြိမ်းချမ်းသော ဘုံဘဝ၌ အေးချမ်းသာယာစွာ ပျော်ရွှင်နိုင်ပါစေ။

အမှူ–အမှူ–အမှူ
ချစ်ခင်ပွန်း–မြတ်စိုး
သားလေး–အောင်သက်နိုင်။

ကိုသန့်ဇင်ညွှန့်

အသက်(၃၂)နှစ်

အထက(၁)တာမွေကျောင်းသားဟောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်း(၁၄၀)၊ အမှတ်(၄၁)နေ (SINGER ဦးအောင်သိန်း–ဒေါ်မြရင်)တို့၏မြေးဦး၊ ဦးအေးသိန်း (ARTHUR)–ဒေါ်အေးအေးသန်းတို့၏ တစ်ဦးတည်းသောသား၊ ရွှေပြည်သာမြို့နယ်နေ ဦးမြင့်ထွေး–ဒေါ်လှထွေးတို့၏ သားသမက်၊ (ဦးညွန့်လွင်–ဒေါ်လှလှမူ)၊ ဒေါ်နီနီသိန်း၊ ဦးမြင့်သိန်း၊ ဒေါ်သူဇာသိန်း၊ ဦးကိုကိုအောင်–ဒေါ်နုနုသိန်းတို့၏တူ၊ မခင်လဲ့မွန်၏ ချစ်လှစွာသောခင်ပွန်း၊ မင်းခန့်သန့်ဇင်(အာအု)၏ချစ်လှစွာသောဖခင်သည် ၂–၈–၂၀၀၄(တနင်္လာနေ့) နံနက်၂:၁၅နာရီတွင် ရွှေပြည်သာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ခေတ္တရာအသင်း

ဗိုလ်ကြီးစောမောင် (ငြိမ်း)

အသက်(၉၂)နှစ်

ရန်ကုန်တိုင်း၊ အမှတ်(၁၁၈၂)၊ မင်းရဲကျော်စွာလမ်း၊ (၁၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းနေ ခေတ္တရာအသင်းရာသက်ပန်အသင်းဝင်(၂၅၅) ဗိုလ်ကြီးစောမောင်(ငြိမ်း)သည် ၁–၈–၂၀၀၄ရက်တွင် ကွယ်လွန်၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အကြောင်းကြားပါသည်။ **အမှုဆောင်အဖွဲ့။**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်စော

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သိပ္ပံလမ်း၊ အမှတ်(၇၆)နေ (ဦးဘသိန်း–ဒေါ်မယ်ခန့်)၏သမီး၊ (ဦးချစ်မောင်)၏ဇနီး၊ ဦးမြင့်လွင်–ဒေါ်မြင့်မြင့်မွန်၊ (ဦးဉာဏ်ဝင်း)–ဒေါ်ဝေဝေမြင့် တို့၏မိခင်၊ (ဒေါ်သက်သက်မော်)၊ ဦးလှရွှေ (မာစတာတေးသံသွင်း)–ဒေါ်ဝေဝေမော်၊ ကိုညီညီလွင်၊ ကိုနိုင်ထွန်း–မသိန်းသူဇာ၊ ကိုသိန်းသန်းထွန်း၊ မမျိုးပပဝင်းတို့၏ ကြီးကြီး၊ မောင်ဇော်မြင့်နိုင်၊ မောင်မြင့်သန်းရွှေ–မသီတာဝင်းမြင့်၊ မရီလာဝင်းမြင့်၊ မောင်မျိုးမြင့်နိုင်၊ မဇာခြည်မွန်နှင့် မြစ်သုံးယောက်တို့၏ အဘွားသည် အကယ်ဒမီ အထူးကုဆေးခန်း၌ ၄–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁:၁၅ နာရီတွင်ကွယ်လွန်သွားပါ၍၆–၈–၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ နေအိမ်မှ ကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။ **ကျန်ရစ်သူမိသားစု။**

ဧကရာဇ်
...
TV, ...

သင်းစုစုညိမ်း
အိမ်အမြန်
အခြားစရွာတိုးများ
ထွက်ရှိနေပါပြီ . . .

ဦးနိုင်ထွန်း

BE(Petrol)

အသက်(၅၀)

အမှုဆောင်အင်ဂျင်နီယာ(ခ)
ရေနံတူးဖော်ရေးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
မကွေးမြို့

မကွေးမြို့၊ အလယ်ရပ်အမှတ်(၅၃/ခ)နေ (ဦးအုန်းမောင်)–ဒေါ်ခင်ထွေးတို့၏သားကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅၆)အောင်သိဒ္ဓိလမ်းနေ ဦးအောင်သောင်း–ဒေါ်ခင်သက်ထား၏မောင်၊ မကွေးမြို့နေ ဦးကျော်ညွှန့်–ဒေါ်သန်းသန်းယုတို့၏ အစ်ကို၊ တူ၊ တူမငါးယောက်တို့၏ ဦးလေးသည် ၄–၈–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၆:၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၆–၈–၂၀၀၄(သောကြာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၁နာရီတွင် ထွက်ပါမည်) **ကျန်ရစ်သူမိသားစု။**

ဦးစိုးလှိုင်(ခ)ဘိုနီ

အသက်(၆၀)

BA.B.Ed
မြို့မကျောင်းသားဟောင်း
ကျောင်းအုပ်ဆရာကြီး
အထကကျိုက်ထော်
(ပုသိမ်)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ တံတားကြီးရပ်ကွက်၊ အောင်မင်္ဂလာ၂လမ်း၊ အမှတ်(၇၆)နေ(ဦးဘမောင်–ဒေါ်လှ)တို့၏သား၊ ဒေါ်ခင်ဝင်းလတ်၏ခင်ပွန်း၊ ကိုမိုးဝေ–မအေးသိန်း၊ ကိုဆန်းထူး–မသက်သက်နွယ်၊ ကိုဝင်းထူး–မခင်အေးဝင်း၊ ကိုဇော်ဝင်း–မအေးမျိုးစိုး၊ ကိုဝင်းသိန်း–မခင်မိုးဆွေ၊ ကိုစိုးမိုးမင်း–မချိုချိုသန်း၊ ကိုအေးချမ်းမိုး၊ မစန်းဝင်း၊ ကိုသန်းထွဋ်–မမို့မို့မြင့်တို့၏ဖခင်၊ မြေး၁၆ယောက်တို့၏အဘိုးသည် ၃၁–၇–၂၀၀၄(စနေနေ့)တွင် အထကကျိုက်ထော်ကျောင်းဝင်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂–၈–၂၀၀၄ (တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ကျိုက်ထော်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု။**

ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် မောင်တင်လေး [၇/တငန(နိုင်)၀၁၃၇၅၃]နှင့် မသန်းသန်းမြင့် (MTLA–၀၂၈၈၂၈)တို့သည် ၁၉–၇–၂၀၀၄ရက်နေ့တွင် နှစ်ဦးသဘောတူတရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း။ **မောင်တင်လေး။**

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးမောင်မောင်

အသက်(၅၆)နှစ်

(ကလော)

ကလောမြို့၊ ရပ်ကွက်(၄)၊ ဇောတိကလမ်းနေ [ဦးလှ(ခ)ဦးရှုရစ်–ဒေါ်စောဥ]၏သား၊ ဒေါက်တာ ဒေါ်ခင်ခင်မြင့်၏ ခင်ပွန်း၊ မဝင့်သဲမာ၊ မောင်ဝေဖြိုးမောင်တို့၏ဖခင်သည်၂–၈–၂၀၀၄ရက် ညနေ ၆:၅၀နာရီတွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၃–၈–၂၀၀၄ ရက် ဗိုဟိုရ်နမာဇ်အပြီးတွင် ကလောမြို့သုသာန်၌ ဒါဖနာပြုလုပ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ကိုသန့်ဇင်ညွှန့်

အသက်(၃၂)နှစ်

အထက(၁)တာမွေကျောင်းသားဟောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်း(၁၄၀)၊ အမှတ်(၄၁)နေ (SINGER ဦးအောင်သိန်း–ဒေါ်မြရင်)တို့၏မြေးဦး၊ ဦးအေးသိန်း (ARTHUR)–ဒေါ်အေးအေးသန်းတို့၏ တစ်ဦးတည်းသောသား၊ ရွှေပြည်သာမြို့နယ်နေ ဦးမြင့်ထွေး–ဒေါ်လှထွေးတို့၏ သားသမက်၊ မခင်လဲ့မွန်၏ ချစ်လှစွာသောခင်ပွန်း၊ မင်းခန့်သန့်ဇင်၏ ချစ်လှစွာသောဖခင်၊ ကိုနေမျိုးထွန်း (မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း)–မနှင်းအိလွင်၊ ကိုမင်းသူရလွင် (မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း)၊ ဝတ်ရည်လွင်၊ ဇာနည်လွင်တို့၏ ချစ်လှစွာသော အစ်ကိုသည် ၂–၈–၂၀၀၄(တနင်္လာနေ့) နံနက်၂:၁၅နာရီတွင် ရွှေပြည်သာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဦးအောင်တင်

အသက်(၈၃)နှစ်

မြန်မာ့စိုက်ပျိုးရေး (အငြိမ်းစား)

ချောက်မြို့၊ အမှတ်(၁၅)နယ်မြေ၊ ရတနာအိုင့်ရပ်ကွက်၊ အမှတ်(၃၀၀)နေ (ဒေါ်သိန်းခင်)၏ခင်ပွန်း၊ ကိုမြင့်အောင် (မြန်မာ့ရေနံရုံးကြီး၊ ချောက်)–မခင်ဝင်းရီ၊ မခင်အုန်းမြင့် (ရွှေညောင်ပင်အအေးဆိုင်)၊ ကိုမြင့်မောင်(စက်မှု–၃၊ ချောက်အိတ်ချိန်း)တို့၏ဖခင်၊ မထက်ထက်ယု၊ မစန်းဝင်းမြင့်တို့၏အဘိုးသည် ၃–၈–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄–၈–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ချောက်မြို့မြေနီကုန်းသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။**ကျန်ရစ်သူမိသားစု။**

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၄၅။

မြိတ်အသင်း

ဒေါ်လှတင်(ခ)ဒေါ်ခွေးမ

(၆၇)နှစ် (မြိတ်)

မြိတ်မြို့နေ (ဦးဆင်မား–ဒေါ်မြသင်)တို့၏သမီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၈)လမ်း၊ အမှတ်(၄၅)နေ [ဦးတင်မောင် (ခ) ဦးကြုံဘီး] ၏ဇနီး ဒေါ်လှတင်(ခ)ဒေါ်ခွေးမ အသင်းဝင် (၃၉၆)သည် ၂–၈–၂၀၀၄ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်ပါ၍ ၆–၈–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် အထက်ပါ ဆေးရုံသစ်ကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အသင်းမှကားများ နံနက် ၁၁နာရီ ထွက်ပါမည်။ **အမှုဆောင်အဖွဲ့။**

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	MHIA [illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	Mohamed Ca[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြင့်မြင့်
အသက်(၈၁)နှစ်

ပညာရေးဝန်ကြီးဌာနရုံးအဖွဲ့မှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၏ မိခင် ဒေါ်မြင့်မြင့် အသက်(၈၁)နှစ်သည် ၂–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်ခင်ခင်၊ ပညာရေးအကြံပေးပုဂ္ဂိုလ်၊ကျောက်တန်းမြို့။

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါက်တာ စောသန်းထွန်းအောင်

ပါမောက္ခဒေါက်တာ ဦးစောသန်းထွန်းအောင် [အငြိမ်းစား ပါမောက္ခ/ဌာနမှူး၊ ဓာတ်မှန်ပညာဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်]သည် ၅–၈–၂၀၀၄ (ကြာသပတေးနေ့) နံနက်တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခများ၊ ဓာတ်မှန်ဆရာဝန်ကြီးများ၊ ဓာတ်မှန်ဆရာဝန်များ။

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါက်တာစောသန်းထွန်းအောင်

ပါမောက္ခဒေါက်တာ ဦးစောသန်းထွန်းအောင် [အငြိမ်းစား ပါမောက္ခ/ဌာနမှူး၊ ဓာတ်မှန်ပညာဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်]သည် ၅–၈–၂၀၀၄ (ကြာသပတေးနေ့) နံနက်တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဓာတ်ရောင်ခြည်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း။

ဝမ်းနည်းကြေကွဲခြင်း
ပါမောက္ခ ဒေါက်တာ စောသန်းထွန်းအောင်

လေးစားအပ်ပါသော ကျေးဇူးရှင်ဆရာကြီး ပါမောက္ခဒေါက်တာ ဦးစောသန်းထွန်းအောင်[အငြိမ်းစားပါမောက္ခ/ဌာနမှူး၊ဓာတ်မှန်ပညာဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်]သည် ၅–၈–၂၀၀၄ (ကြာသပတေးနေ့) နံနက်တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် နှမြောတသ ဝမ်းနည်းကြေကွဲလျက် ဆရာကြီး၏ ကျေးဇူးတရားများကို အမြဲအောက်မေ့ သတိရလျက်ရှိမည် ဖြစ်ပါကြောင်း။

တပည့်ဓာတ်မှန် ဆရာဝန်များ။

ရမည်းသင်းအသင်းနာယက
ဦးဘိုးကဲ(၈၇)နှစ်

ရမည်းသင်းမြို့နေ (ဦးစံညွန့်–ဒေါ်ဟံသာ)တို့၏ သား၊ (ဦးသာမြစ်–ဒေါ်ရွှေမှန်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ မင်းဒင်အရှေ့ လမ်းသွယ်၊ အမှတ်(၁၉)၊ အခန်း(၃)နေ (ဒေါ်အုန်း)၏ ခင်ပွန်း ရမည်းသင်း အသင်းနာယက ဦးဘိုးကဲသည် ၄–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၆–၈–၂၀၀၄(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ပို့ဆောင်သဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့။

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ထားထား(၇၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊(၃) ရပ်ကွက်၊ အမှတ်(၃၇၇)၊ ၄–လွှာ၊ အောက်ပုဇွန်တောင် လမ်းမကြီးနေ (အရေးပိုင်ဦးမောင်အိ–ဒေါ်သာခု)တို့၏ သမီး၊ (အငြိမ်းစားရဲမင်းကြီး ဦးမြဒင်)၏ဇနီး၊ ဦးတိုးမြင့်အောင်၊ ဒေါ်မြတ်မြတ်မော်၊ ဒေါ်မြသီဂီတို့၏ မွေးသမိခင်၊ မြေးလေးယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၄–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၆–၈–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်အောင်(၇၁)နှစ်
M.Sc (Sociology)
U.S.A (Trinity University)

ရန်ကုန်မြို့နေ (ဦးအောင်သိန်း–ဒေါ်သန်းတင်)တို့၏ သား၊ ဦးမောင်မောင်–(ဒေါ်မေလှမြင့်)၊ ဦးကျော်တင့်–ဒေါ်တင်အေး၊ ဦးကြည်လွင်–ဒေါ်လီလီသိန်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂) ရပ်ကွက်၊ ၂၂၆–A/၉၊မေတ္တာလမ်းသွယ်၊ အောင်ဓမ္မရိပ်သာလမ်းနေ ဒေါ်ခင်မမ၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုထွန်းလင်း–မသက်သက်စိုး၊ မင်းကိုကိုတို့၏ ဖခင် ဦးတင်အောင်သည် ၄–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၆–၈–၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကား များ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ထွန်းဝင်း (၃၇)နှစ်
(B.A, I.R)

ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ ဘိုင်ဒါးကျေးရွာနေ ဦးစိုးပြင်–ဒေါ်တင်လှတို့၏ သား၊ ကိုဝင်းရွှေ–မမြင့်ကြည်၊ မမွှေးကြည်၊ မကြည်ချိုတို့၏ မောင်၊ မသန်းသန်းချို၊ ကိုကျော်ထူးလတ်–မကြည်ဝင်း၊ မမြင့်မြင့်မာ၊ မဇင်မာထွေးတို့၏အစ်ကို၊ ရဲထွဋ်ကျော်၊ နှင်းရွှေဇင်ဦး၊ ခင်ရတနာကျော်တို့၏ဦးလေးသည် ၅–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၇–၈–၂၀၀၄(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ဘိုင်ဒါးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မိမိ
အသက်(၇၀)
(ရန်ကင်း)

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ တိုက်(၂၁)၊ အမှတ်(၂)နေ (ဦးသိန်း–ဒေါ်ခင်ညွန့်)တို့၏ သမီး၊ (ဦးဘကျော်–ဒေါ်လှတင်)တို့၏ သမီးချွေးမ၊ (ဦးတင်ဝင်း)၏ ဇနီး၊ ဦးစိန်ထွန်းအောင်၊ဦးမင်းဟန်တို့၏အစ်မ၊ ဒေါ်ကြူကြူ ဝင်း–ဦးအောင်ကြည်၊ ဦးဝင်းဖော် (မြို့တော်စည်ပင်/ပန်းဥယျာဉ်)–ဒေါ်အေးအေးလွင် (ရန်ကုန်အဝေးသင်၊ တက္ကသိုလ်)၊ ဒေါ်မူမူဝင်း(အထက–၃၊တာမွေ)၊ ဒေါ်စပယ်တင်ဝင်း၊ ဦးကျော်ကျော်ဝင်းတို့၏ မိခင်၊ မောင်ရဲမာန်အောင်၊ မောင်ရန်မျိုးအောင် (အထက–၃၊ကမာရွတ်)၊ မယမင်းစုလှိုင် (TTC)၊မောင်ရဲမင်းအောင်၊ မောင်အောင်ကိုမင်း(အထက–၂၊ရန်ကင်း)တို့၏အဘွားသည်၄–၈–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၆–၈–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၀နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်လှလှ(၆၈)နှစ်
(ရွှေတောင်)

ရွှေတောင်မြို့၊ လမ်းမတော်လမ်းနေ ဦးဘရွှေ–ဒေါ်ကြည်တို့၏သမီး၊ (ဦးမြင့်ဆွေ)၊ ဦးတင့်ဆွေ(ရွှေတောင်ရပ်ရှင်)–ဒေါ်မျိုးမျိုးအေးတို့၏ ညီမ၊ ဒေါ်ခင်ခင်နု၏အစ်မ ဒေါ်လှလှသည် ၃–၈–၂၀၀၄ ရက်တွင် အလ္လာသျှင်မြတ် အမိန့်တော် ခံယူသွားပါ၍ ၄–၈–၂၀၀၄ရက် မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေး သုသာန် ခိုဂျာအစ်စမိုင်လီသင်္ချိုင်း၌ ဒါဖနာပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မောင်မောင်အောင်ကျော်
(ရွှေဘ)
CDC-30772
(A.B, K.& P. Enterprise Co.,)
အသက်(၃၄)နှစ်

မုံရွာမြို့၊ ရုံးကြီးရပ်နေ ဒေါ်တင်ရှိ၊ ဒေါ်တင်အုန်း(ဒေါ်တင်အုန်းမြန်မာထမင်းဆိုင်)၊မုံရွာမြို့၊ ကူးတို့မြောက်ရပ်နေ ဦးကျော်တင် (ရေနံမြန်နေဂျာ၊ငြိမ်း)–(ဒေါ်နွဲ့နွဲ့ရီ)တို့၏ တူ၊ မုံရွာမြို့၊ ရုံးကြီးရပ်၊ ဘူတာလမ်းနေ (ဦးဖိုးသိ၊ အထက်တန်းရှေ့နေ၊ငြိမ်း)–ဒေါ်ခင်ညိုတို့၏ သား၊ ကိုထင်မြတ်–မဝင်းမာမိုး၊ မသင်းလဲ့ဝင်း၊ မစန္ဒာဝင်းတို့၏ မောင်၊မောင်ထူး အောင်စောဟန် (2nd Year, Zoo-မုံရွာ တက္ကသိုလ်)၏အစ်ကို၊ မရွှန်းလဲ့ရည်ညို၊ မောင်မင်းသန့်ထင်၊ မပိုးလဲ့ရည်ညိုတို့၏ ဦးလေးသည် ၄–၈–၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ပျဉ်းမနားဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၆–၈–၂၀၀၄(သောကြာနေ့) တွင်မုံရွာမြို့၊ ဆားကျင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်တန်အန်ပို(၁၀၇)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၇)၊ (၂၂)လမ်းနေ (ဦးလင်ကာချို)၏ ဇနီး၊ ကုန်စည်ဒိုင်ပဲပွဲစားကြီး ဦးလင်ယုယုံ–(ဒေါ်ချိန်ဟုန်)၊ ဦးလင်ယုကင်း–ဒေါ်အီကွေ့လန်၊(ဦးလင်ယုမော်)၊ (ဦးလင်ယုရှောင်)၊ (ဦးလင်ယုဘင်)–ဒေါ်ခင်ခင်မြတို့၏ မိခင်၊ မြေး ၁၀ ယောက်၊ မြေးသမက်သုံးယောက်၊ မြေးချွေးမလေးယောက်၊ မြစ်၁၅ယောက်တို့၏ ဘွားဘွားသည် ၅–၈–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီးတွင် ကွယ်လွန်သွားပါ၍ ၇–၈–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
ဦးခင်သောင်း(၈၇)နှစ်
(သစ်ဆန်းယဉ်မန္တလေးဖိနပ်ဆိုင်)
(မေနှင်း–လမင်းသာအထည်ဆိုင်)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊အောင်သိဒ္ဓိလမ်း၊အောင်သိဒ္ဓိရိပ်သာလမ်းသွယ်(၃)၊ ခြံအမှတ်(၁၂)နေ (ဒေါ်ငွေခင်)၏ခင်ပွန်း၊ ဦးချစ်ဆွေ–ဒေါ်ကျင်ရွှေတို့၏ အစ်ကို၊ ဦးသိန်းမြင့်–ဒေါ်မြသင်း၊ ဦးထွန်းအောင်–ဒေါ်မြမြ၊ (ဦးမြင့်ဌေး)–ဒေါ်ခင်မိမိထွန်း၊ ဦးကျော်မြင့်–ဒေါ်ယုဝါ၊ ဒေါ်သန်းသန်းအေး၊ ဒေါ်တင်တင်ရှု–ဦးခင်မောင်မြင့်၊ ဒေါ်စန်းစန်းရီ၊ ဦးဝင်း ကိုဦး–ဒေါ်ဥမ္မာအေးတို့၏ ဖခင်၊ မြေး၁၀ယောက်တို့၏ အဘိုးသည် ၅–၈–၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၇–၈–၂၀၀၄(စနေနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေစက်၊ နတ်လမ်း ဒါယိကာမကြီး
ဒေါ်ခင်မေကြည် (၇၂)နှစ်
(B.A)
(ယခင် ဒလကုန်သွယ်ရေးမန်နေဂျာ)
(ဟင်္သာတ)

ဟင်္သာတမြို့၊ ရန်အောင်ရွှေဆိုင် ဦးမောင်မြင့်–ဒေါ်တင်တို့၏ သမီး၊သရက်မြို့၊ လမ်းမတော်လမ်းနေ ဦးကော်ကြွေ–ဒေါ်လှရှင်တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ (၅၅)အိမ်ကြီးလမ်း၊ရေကျော်နေ ဦးသက်လွင်၏ဇနီးဒေါ်ခင်မေကြည်သည်အိမ်ကြီးလမ်းနေအိမ်၌ ၅–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၇–၈–၂၀၀၄ရက် မွန်းလွဲ ၁နာရီ တွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြစိန် (၇၃)နှစ်
(တောင်ငူ)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ (၁၁)လမ်း၊ အမှတ်(၆၆)နေ (ဦးခင်မောင်)၏ ဇနီး၊ ဦးဝင်းမောင်–ဒေါ်လှဝင်း၊ ဦးခင်မောင်မြင့်–ဒေါ်ကြည်ကြည်လွင်၊ မခင်လေးမြင့်၊ ဦးထွန်းထွန်း (ထွန်းထွန်းစပို့ရပ်ဆိုင်၊ အဆင့်မြင့်မင်္ဂလာဈေး)–ဒေါ်ခင်အေးကြူ (မကြူဇာဘော်လီဆိုင်၊ ယုဇနပလာဇာ)၊ ကိုခင်မောင်အေး–မအေးအေးခိုင်၊ ကိုခင်မောင်ဌေး(MK ဖိနပ်ဆိုင်၊ ယုဇနပလာဇာ)–မဝင်း၊ မခင်မာအေးတို့၏ မွေးသမိခင်၊ မြေး ၁၃ယောက်တို့၏ အဘွားသည် ၄–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၆–၈–၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းရင် အသက်(၇၀)
(ကျိုက်လတ်)

(ဦးကဲ–ဒေါ်နန်းရာ)တို့၏ သမီး၊ အမှတ်(၁)၊ (၉)လမ်းနေ ဦးစိန်ဝင်း၏ ချစ်လှစွာသောဇနီး၊ (ကိုစိုးသန်း ကျိုက်လတ်စာတိုက်)၊ ကိုစိုးတင့်(မအူပင် စည်ပင်)၊ မခင်ခင်မိုး(အလယ်တန်းပြ၊ ညောင်ချောင်း)၊ ကိုအောင်ဇော်–မတင်မေအေး (Fourtune Int'l Co; Ltd)တို့၏မိခင်သည် ၄–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၆–၈–၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ကျိုက်လတ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

မအေးအေးလွင် (၄၄)နှစ်

ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ သမ္မတကမ်းခြေရပ်ကွက်၊ အမှတ်(၁၄၆)၊ အင်ကြင်းလမ်း၊ ကွက်သစ်နေ (ဦးမောင်လွင်–ဒေါ်သန်းစိန်)တို့၏ သမီး၊ (ဦးတင်ငွေ)–ဒေါ်ခင်မေတို့၏ ချွေးမ၊ ဦးမြင့်လွင်–မကြည်မြင့်၊ (ဦးမောင်အေး)၊ ဦးကျော်ဝင်း–မစန်းရီ၊ (ဦးအောင်ဌေး)–မသီ၊ ဦးမြင့်စိုး–ဒေါ်အေးမြင့်၊ ဦးခင်ဝေ၊ (ဦးထွန်းအောင်)–မစန်းစန်းလွင်တို့၏ ညီမ၊ ကိုတိုးလွင်၏ အစ်မ၊ ကိုတင်မောင်မြင့်၏ဇနီး၊အိရွှေဇင်မြင့်(ခ)ဂျောင်းဂျောင်း၏ မိခင်သည် အထက်ပါနေအိမ်၌ ၄–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွား ပါ၍ ၆–၈–၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် အုံကြီးသုသာန်၌ သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရမည်းသင်းအသင်းနာယက
ဦးဘိုးကဲ (၈၇)နှစ်
ကျော်ဇင်(ဇေယျတမန်)
သက်ကြီးပူဇော်ကန်တော့ခံစာပေပညာရှင်
လူထုပညာရေးမှူးဟောင်း၊ လူမှုဝန်ထမ်းအရာရှိဟောင်း
အထက(၁)မရမ်းကုန်း(ငြိမ်း)၊ ယခင်ကုန်သွယ်ရေး(၈)(ငြိမ်း)

ရမည်းသင်းမြို့နေ(ဦးစံညွန့်–ဒေါ်ဟံသာ)တို့၏သား၊ (ဦးသာမြစ်–ဒေါ်ရွှေမှန်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ မင်းဒင်အရှေ့ လမ်းသွယ်၊ တိုက်(၁၉)၊ အခန်း(၃)နေ (ဒေါ်အုန်း)၏ ခင်ပွန်း၊ (ဦးဇော်အောင်)–ဒေါ်ခင်သန်း၊ ဒေါ်ဝင်းရီ(စက်မှု–၁၊ ပြင်ထိန်း)၊ (ဦးကျော်မြင့်)–ဒေါ်နုနုအေး၊ ဦးငွေစိုး (Ex; UNDP)–ဒေါ်မြမြဌေး၊ ဦးကိုကိုကြီး–ဒေါ်အေးအေးသန်း (ပုသိမ်ကြီးမြို့နယ်စာရင်းရုံး)၊ ဦးကိုကိုသိန်း (ရွှေမန်းသုခရိပ်သာသည်ပို့ဆောင်ရေး)–ဒေါ်ညိုညိုနိုင်၊ ဦးရန်အောင်(အိုဆာကာသောက်ရေသန့်)–ဒေါ်ခင်မြနွယ်၊ ဦးကြည်ဦး–(ဒေါ်ကြည်ကြည်လွင်)တို့၏ဖခင်၊ မြေး၁၆ယောက်တို့၏အဘိုး၊ မြစ်ခြောက်ယောက်တို့၏ အဘေးသည်၄–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၆–၈–၂၀၀၄ရက် ညနေ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည် ဖြစ်ကြောင်း။(နေအိမ်မှကားများမွန်းလွဲ ၁:၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း
ပါမောက္ခ ဒေါက်တာ စောသန်းထွန်းအောင်
အသက်(၆၉)နှစ်
ပါမောက္ခ၊ ဌာနမှူး၊ ဓာတ်မှန်ဌာန ဆေးတက္ကသိုလ်(၁) (အငြိမ်းစား)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးလူနီလမ်း၊ အမှတ်(၇/က)နေ (ဦးစောဘမောင်–နော်မေရီယံ)တို့၏သားကြီး၊ ဒေါ်နော်ဂဲထရဖိုး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာစောရဲထွန်းအောင်–နော်သမိုင်းဖောတင်၊ စောဂီဒီယံထွန်းအောင်–နော်ခရစ္စတီးနာ၊စောကြည်လွင်အောင်တို့၏ ဖခင်၊ စောဂျိုးဇက်၊ နော်အဘီဂေး၊ စောဇေရိန်တို့၏ အဘိုး၊ (ဦးစောဝီလီမောင်)–နော်ထွေးစိန်၊ ဒေါ်အိုင်ဗီမောင်၊ဦးထွန်းအောင်မြင့်–Dr.ဒေါ်ရင်ရင်မြတို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ ဦးစောစံဘအောင်–နော်ဇီးနာ၊ ဦးစောထူးသာ–နော်ဖောတေညား၊ နော်နှင်းဆီ–(စောဘုန်းပိုင်မြ)၊ ဦးဆန်းထွဋ်–နော်ကေခိုင်ကြွယ်၊ Dr.ဦးစောအေးကိုကို၊ ဦးစောလှမိုး–နော်လားစေးဝါးတို့၏ ချစ်လှစွာသောဘကြီး Dr.ဦးစောသန်းထွန်းအောင်သည် စင်ကာပူနိုင်ငံ၌ ၅–၈–၂၀၀၄ရက် နံနက် ၃နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးနွဲ့ (၈၃)နှစ်
(မြောင်းမြ)

ရန်ကုန်မြို့၊ အမှတ်(၂၄)၊ (ပ–ထပ်)၊ (၈၇)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဒေါက်တာအောင်တင်)၏ ဇနီး၊ ဒေါ်ချော၏ အစ်မကြီး၊ ဦးမြင့်ဆွေ–ဒေါ်ဖြူဖြူဝင်း၊ ဦးကျော်ဝင်း–ဒေါ်ဖြူဖြူသင်း၊ ဦးစောဦးမောင်၊ ဦးသန်းအောင်–(ဒေါ်အေးအေးချို)၊ ဦးဇော်လွင်ဦး–ဒေါ်အေးအေးသန်း၊ ဒေါ်အေးအေးဆန်း တို့၏ မိခင်၊ မစုမြတ်လှိုင်၊ မစုမြတ်နွယ်၊ မခိုင်ဇာသွယ်၊ မစုလှိုင်နှင်း၊ မောင်ချမ်းသာပြည့်စုံတို့၏ အဘွားသည် ၅–၈–၂၀၀ရက်တွင် ကွယ်လွန်ပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါ ကြောင်း။

ကျန်ရစ်သူမိသားစု။

တိုက်ကြီးမြို့နယ်အသင်း
ဒေါ်မြမေ (၇၁)နှစ်
(တိုက်ကြီး)

ရန်ကုန်တိုင်း၊တိုက်ကြီးမြို့၊ ပြည်လမ်း၊ အမှတ်(၄၀၀)နေ ဒေါ်မြမေ(အသင်းဝင်ရာ/၇၈)သည် ၄–၈–၂၀၀၄ ရက်တွင် နေအိမ်၌ ကွယ်လွန် သွားပါ၍ ၆–၈–၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် တိုက်ကြီးမြို့သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (အသင်းဝင် များ လိုက်ပါပို့ဆောင်ကြပါရန်။)

အမှုဆောင်အဖွဲ့။

ဘုရား၊ကျောင်း၊သိမ်၊ရဟန်း၊ဒါယိကာမ
ဒေါ်လှတင်(ခ)ဒေါ်ခွေးမ
အသက်(၆၇)နှစ်
ထိန်လင်းပွဲရုံ(ဘုရင့်နောင်)
(မြိတ်)

မြိတ်မြို့နေ(ဦးဆင်မား–ဒေါ်မြသင်)တို့၏သမီး၊ (ဦးဂွမ်ယုံ–ဒေါ်တင်တင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၄၅)၊ ၈လမ်း၊ လမ်းမတော် မြို့နယ်နေ [ဦးတင်မောင်(ခ)ဦးကြူဘီး]၏ ဇနီး၊ မြိတ်မြို့နေ (ဦးဟိုလှိုင်–ဒေါ်ခင်လေး)၊ ရန်ကုန်မြို့နေ(ဦးဟိုစိန်)–ဒေါ်အေးစိန်၊ (ဦးရှင်ဘီး–ဒေါ်အင်ရှူ)၊ [ဒေါ်မကြီး(ခ) အိအိ]တို့၏ညီမသည် ၂–၈–၂၀၀၄ရက်တွင် ရန်ကုန်အထွေထွေ ရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်ပါ၍ ၆–၈–၂၀၀၄ (သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမများ။

ဦးနေမျိုးသန့်(၂၈)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ တိုက်(၁၃၀၆)ခြောက်လွှာ ဝဲဘက်အခန်းနေဦးသန့်ဇင်–ဒေါ်အေးကြင်(ခ) ဒေါ်သေးသေးတို့၏သား၊ မအေးအေးသန့်၊ မမူမူသန့်၊ မကေသီသန့်တို့၏မောင်၊ မဇင်မာသန့်၊ မောင်ကျော်ဇင်သန့်တို့၏ အစ်ကို၊ လက်ပံတန်းမြို့နေ ဦးညွန့်ရွှေ–ဒေါ်မြစိန်တို့၏သားသမက်၊မခိုင်မာဝင်း၏ ခင်ပွန်းသည် ၅–၈–၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၇–၈–၂၀၀၄(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ရဟန်း၊ဒါယကာကြီး
ဦးသက်မင်း(၇၇)နှစ်
လူမှုဝန်ထမ်းဦးစီးဌာန(ငြိမ်း)
(ကမာစဲ)

ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ကမာစဲကျေးရွာနေ (ဦးအေးမောင်–ဒေါ်ဖွား)တို့၏ သား၊ (ဦးမြိုင်–ဒေါ်ညွန့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ်–၂၉၈၊ မလွှကုန်း၊ ဌေးကြွယ်(က) ရက်ကွက်နေ ဒေါ်တင်အောင်၏ခင်ပွန်း၊ ဦးမင်းဦး–ဒေါ်မြင့်မြင့်သန်း(အထက–၄၊တာမွေ)၊ ဦးအောင်အောင်– ဒေါ်ခင်သီတာမင်း(စာရင်းကိုင်–၃၊ တံတားအထူးအဖွဲ့–၄၊ ပဆလ)၊ ကိုသန့်စင်မင်း–မစန်းစန်းမြင့်တို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၄–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၆–၈–၂၀၀၄(သောကြာနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးစိုးမင်းဦး(ငြိမ်း)
အသက်(၄၄)နှစ်
လ/ထညွှန်မှူး(ငြိမ်း)
မြန်မာ့တာယာနှင့်ရော်ဘာလုပ်ငန်း
(လေးမျက်နှာ)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ ကျန်စစ်သားအိမ်ရာ၊ အမှတ်(၄၃)၊ အောင်စန္ဒာလမ်းနေ ဦးသောင်း–ဒေါ်သိန်းအေးတို့၏သားကြီး၊ မအေးအေးသက်၊ မောင်အောင်ဇော်မင်းတို့၏ ချစ်လှစွာသောအစ်ကို ဗိုလ်ကြီးစိုးမင်းဦး(ငြိမ်း)သည် ၅–၈–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၇–၈–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်သက်နိုင်ထွေး
အသက်(၃၂)နှစ်
(မော်လမြိုင်)

မော်လမြိုင်မြို့၊ ဈေးကြီးဖက်တန်း၊ အောက်လမ်းမကြီး၊ အမှတ်(၁၁၂)နေ [ဦးသောင်းတင်(ခ)ဦးရှုပွေ]–ဒေါ်ဌေးလှတို့၏ သားထွေး၊ ဦးအောင်ကြည်–ဒေါ်သိန်းမြိုင်တို့၏ သားသမက်၊ ဦးကြည်ဟုန်–ဒေါ်လဲ့လဲ့ဝင်း၊ ဦးတင်ဦး–ဒေါ်ဝင်းမြင့်၊ (ဦးဝင်းကျော်)–ဒေါ်မကြီး၊ ဒေါ်မြဝေ (အလပြ၊အထက–၅၊မော်လမြိုင်)၊ ဦးစန်းဦး–ဒေါ်သီသီမာ၊ ဦးစန်းလွင်–ဒေါ်စန်းစန်းနွယ်တို့၏ညီ/မောင်၊ ဒေါ်စန်းစန်းအေး၏ ချစ်လှစွာသောခင်ပွန်း၊ မပန်းသဥ္ဇာဖူးသွယ်၊ မောင်မင်းခေါင်ထွဋ်ဟိန်းတို့၏ ဖခင်သည် ၄–၈–၂၀၀၄ရက်တွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးတွင် ကွယ်လွန်သွားပါ၍ ၆–၈–၂၀၀၄(သောကြာနေ့) မွန်းလွဲ၁ နာရီတွင် အထက်ပါဆေးရုံသစ်ကြီးအအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မကွေးတိုင်း နတ်မောက်မြို့နယ်(ပ)ငွေးကုန်းကျောင်း
ဆရာတော် ဦးပဏ္ဍိစ္စ (မူလဓမ္မာစရိယ)
သိက္ခာတော်(၆၂)ဝါ၊ သက်တော်(၈၂)နှစ်

ပထမ၊ ဒုတိယအကြိမ် မြို့နယ်သံဃနာယက သမ္ဗုတိကိုယ်စားလှယ် ဆရာတော်ဦးပဏ္ဍိစ္စသည် ၄–၈–၂၀၀၄ရက် နံနက် ၇:၃၀နာရီတွင် မကွေးတိုင်းပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အားသိစေအပ်ပါသည်။ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို နတ်မောက်မြို့နယ် ငွေးကုန်းရာပြည့်ကျောင်းတိုက်သို့ ပြန်လည်ပင့်ဆောင်၍ အန္တိမဈာပနသဘင်ကျင်းပပါမည်။ အန္တိမဈာပနအစီအစဉ်ကို ထပ်မံကြေညာပါမည်။

ဈာပနကော်မတီနှင့်တပည့်ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးဇောတိက
သိက္ခာတော်(၅၁)ဝါ၊ သက်တော်(၇၁)နှစ်
(ကောလင်း)

ရန်ကုန်တိုင်း၊ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ ဓမ္မပါလလမ်း၊ စစ်ကိုင်းကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူသော ဦးဇောတိကသည် (၁၃၆၆ခုနှစ်၊ဒုတိယဝါဆိုလပြည့်ကျော်၃ရက်)၊ ၃–၈–၂၀၀၄(အင်္ဂါနေ့) နံနက်၉နာရီတွင် ပျံလွန်တော်မူပြီးဖြစ်ပါ၍ (၁၃၆၆ခုနှစ်၊ဒုတိယဝါဆိုလပြည့်ကျော်၇ရက်)၊ ၇–၈–၂၀၀၄(စနေနေ့)မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါကြောင်း။(စစ်ကိုင်းကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ပါမည်။)

စစ်ကိုင်းကျောင်းဆရာတော်နှင့် တပည့်ဒါယကာ၊ဒါယိကာမများ။

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြမေ(၇၁)နှစ်
ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်မြရွှေ(၆၉)နှစ်

ရန်ကုန်တိုင်း၊တိုက်ကြီးမြို့၊ပြည်လမ်းနေ(ဦးညွန့်–ဒေါ်သိုက်)တို့၏သမီးများ၊ (ဦးအေးမောင်)–ဒေါ်ကျင်လှိုင်၊ ဒေါ်ဥတို့၏ညီမများ၊ မောင်ကျော်ကျော်ထွန်း၊ မသင်းသင်းလှိုင်တို့၏မွေးသမိခင်၊ ဒေါ်မြမေ အသက်(၇၁)နှစ်၊ ဦးထွန်းလှအောင်၏ ဇနီး၊ မောင်သိန်းကျော်–မစမ်းစမ်းမြိုင်တို့၏မွေးသမိခင်၊ မြေးသုံးယောက်တို့၏ အဘွား ဒေါ်မြရွှေ အသက်(၆၉)နှစ်တို့သည်၄–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၆–၈–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် တိုက်ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ကွယ်လွန်သူ ကျေးဇူးရှင်ဖခင် ဦးကြီးမြင့် (တိုင်းအခွန်ဦးစီးမှူး–အငြိမ်းစား) (၈၅)နှစ်နှင့် ကွယ်လွန်သူ ကျေးဇူးရှင်မိခင် (ဒေါ်တင်တင်ကြီး) (၈၄)နှစ်တို့၏ ၆–၈–၂၀၀၄ရက်တွင် ကျရောက်သည့် တစ်လတိတိ ပြည့်မြောက်သည့်နေ့တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ဖားအောက်တောရ၊ ဗုဒ္ဓသာသနာ့ရိပ်သာမှ သံဃာတော်များ၊ သီလရှင်များနှင့် ယောဂီအပေါင်းတို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ရှိ ဗုဒ္ဓဘာသာမြန်မာကျောင်းမှ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ စင်ကာပူနိုင်ငံရှိ Ven. Visuddha ဗုဒ္ဓဘာသာတရားရိပ်သာစခန်းတွင် ဆရာတော်အားဆွမ်း၊ သင်္ကန်း လှူဖွယ်ဝတ္ထုအစုစုနှင့်တကွ ဘုရားပလ္လင်တော်လှူဒါန်းခြင်းစသည့် ကုသိုလ်ကောင်းမှုအဖို့တို့ကို ကွယ်လွန်သူဖခင်၊မိခင်နှင့်တကွ (၃၁)ဘုံတွင် ကျင်လည်ကြကုန်သော သတ္တဝါအပေါင်းတို့အားအမျှပေးဝေပါ၏။ ကွယ်လွန်သူဖခင်နှင့် မိခင်တို့ မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ကြပါစေ။

ကျေးဇူးရှင် ဖခင်နှင့် မိခင်တို့၏ နာရေးသတင်းအား လူကိုယ်တိုင်သော်လည်းကောင်း၊ စာ၊တယ်လီဖုန်း၊ e-mailတို့ဖြင့် သော်လည်းကောင်း သတင်းစာတွင်ဝမ်းနည်းကြောင်း ထည့်သွင်းကြသူများနှင့် စာဖြင့်ပေးပို့ကြသူများ၊ ဖခင်ကြီး၏ ရုံးအမှုထမ်း အရာထမ်းအားလုံးတို့နှင့်တကွ ရပ်ဝေး၊ ရပ်နီးမှ သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်သိန်း(ခ)
ဘိုဖြူ(၅၃)နှစ်
(ဗစ်တာလှသိန်း)
Ex. သိန်းအင်ဆန်း အကောက်ခွန်ရှင်းလင်းရေး ကိုယ်စားလှယ်

[ဦးလှသိန်း(အကောက်ခွန်)–ဒေါ်ခင်မြကြည်]တို့၏သား၊ရန်ကုန်မြို့၊ အမှတ်(၅၉)၊ ဆည်မြောင်းလမ်း၊(၄၅) ရပ်ကွက် ဒဂုံမြို့သစ်မြောက်ပိုင်းနေ(ဒေါ်ခင်သန်းနွယ်)၊ ဒေါ်မော်မော်ဝင်းတို့၏ ခင်ပွန်း၊ မောင်အေးမောင်မောင်၊ မောင်ဥက္ကာကျော်တို့၏ ဖခင်၊ ဦးခင်မောင်သိန်း–ဒေါ်ခင်ဆွေမြင့်၊ ဦးမောင်မောင်ကြီး–ဒေါ်ခင်လေးမြင့်(ရေနံဓာတု)၊ ဦးမောင်ဝင်း–ဒေါ်ခင်လေးတင့်တို့၏ မောင်၊ ဒေါ်ခင်ဇသက်၊ (မောင်ခင်ဇော်သိန်း)တို့၏အစ်ကို၊တူ၊တူမ၁၂ယောက်တို့၏ ဦးလေးသည်၄–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၆–၈–၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ် ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးတင်မျိုးဝင်း(ငြိမ်း)
စစ်တက္ကသိုလ် အမှတ်စဉ် (၃၆)
အသက် (၃၂)နှစ်

ဒုအရာခံဗိုလ်ဝင်းကြည် – ဒေါ်တင်တင်နွဲ့တို့၏ သားငယ်၊ တပ်ကြပ်ကြီးမင်းဇော်–ဒေါ်ခင်မာအေးတို့၏ သားသမက်၊ မသက်မာဦး၏ခင်ပွန်း၊ တပ်ကြပ်တင်စိုးဝင်း–မခေါင်ရမ်းတို့၏ညီ/မောင်၊ မနန္ဒာသူ၏ အစ်ကို ဗိုလ်ကြီးတင်မျိုးဝင်းသည် ၄–၈–၂၀၀၄ရက် နံနက် ၁၀:၁၅နာရီတွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားတစ်စု။

ဦးကျင်ထိန်(ခ)ဦးအထိန်
အသက်(၆၈)နှစ်

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ ဗဟိုလမ်း၊ အမှတ်(၂၉)နေ ဦးဟုတ်စွမ်း–ဒေါ်မစိန်တို့၏သား၊ ဒေါ်ခင်စန်းကြည်၏ ခင်ပွန်း၊ ဗိုလ်မှူးထွန်းဖေ(ဦးစီး–၁)–ဒေါ်အေးကြွယ် (B.Sc, Bot, Q)၊ ဒေါ်လဲ့လဲ့ဝင်း(အလပြ)၊ဦးကျော်စိုးမိုး–ဒေါ်တင်တင်ခိုင် (I.R)၊ မောင်အောင်ဇော်မိုး၊မောင်မောင်နိုင် (B.A,Eco)၊မမြနန္ဒာထိန် (B.Sc.,Zoo.M.Sc.) တို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၄–၈–၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍၅–၈–၂၀၀၄(ကြာသပတေးနေ့)မွန်းလွဲ၂နာရီတွင် ဝဲဂလာတရုတ်သင်္ချိုင်း၌ ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးကျော်သောင်း(ခ)ဦးစာရေးကြီး
အသက်(၆၀)
(ပြင်ဦးလွင်)

မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့၊ ဥဩဏ်တောရပ်နေ (ကျောင်းအုပ်ဆရာကြီးဦးယောဟန် – ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်မေ)တို့၏သား၊ရန်ကုန်တိုင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီးအရှေ့ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၈၈)နေ ဒေါ်သန်းသန်းဌေး၏ ခင်ပွန်း၊ ကိုသက်နိုင်–မမိုးမိုး၊ ကိုအောင်စိုးဦး–မငုဝါ၊ ကိုကျော်မျိုးမင်း(IFRC)–မခင်ဆွေဦး၊ ကိုမောင်မောင်–မအိအိခိုင်တို့၏ဖခင် ဦးကျော်သောင်း(ခ) ဦးစာရေးကြီးသည် ၄–၈–၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ပါ၍ ဆိပ်ကြီးသုသာန်၌ ကောင်းမွန်စွာ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဩဂုတ် ၄ ရက်က မကွေးတိုင်း ပေါက်မြို့ အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် ဖွင့်ပွဲအထိမ်းအမှတ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်း–ရှေ့ဖုံး)
(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မအူပင်ခရိုင် မိုးလုံလေလုံအားကစားခန်းမ ဖွင့်ပွဲတက်ရောက် မအူပင်စက္ကူစက်ရုံနှင့် ဖျာပုံတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၅

ဧရာဝတီတိုင်း မအူပင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၄ ရက် နံနက် ၈နာရီတွင် ကျင်းပသည့် မအူပင်မြို့ မိုးလုံလေလုံ ခရိုင်အားကစားခန်းမ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

မိုးလုံလေလုံ ခရိုင်အားကစားခန်းမ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ မိုးလုံလေလုံ ခရိုင်အားကစားခန်းမမှာ အလျားပေ ၁၂၀၊ အနံပေ ၉၀နှင့်အမြင့် ၃၉ ပေရှိသွပ်မိုး၊ အုတ်ညှပ်၊ လျှာထိုး ပျဉ်ခင်းဖြစ်ပြီး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❑



ကျောက်မျက်ရတနာ လုပ်ကွက်များ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်များ ထုတ်ပေးမည်

ရန်ကုန် ဩဂုတ် ၅

၂၀၀၄ခုနှစ် ဧပြီလမှ ဇွန်လအတွင်း သက်တမ်းကုန်ပြီးသည့် လုပ်ကွက်များ၊ ဇူလိုင်လမှ စက်တင်ဘာလများအတွင်း သက်တမ်းကုန်မည့် လုပ်ကွက်များနှင့် ကြေညာချက်အမှတ် (၆/၂၀၀၃)နှင့် (၃/၂၀၀၄)တို့ဖြင့် ကြေညာ၍ အဆိုပြုလွှာများ လက်ခံခဲ့သည့် သတ်မှတ်လုပ်ကွက်(အသစ်)များကို မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ကော်မတီအဆင့်ဆင့်မှ စိစစ်အတည်ပြုပြီးပါက ပွင့်လင်းရာသီတွင် လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် ၂၀၀၄ခုနှစ် ဩဂုတ်လအတွင်း သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်သည်။

ထို့အပြင် ၂၀၀၄ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း သက်တမ်းကုန်မည့် လုပ်ကွက်များကို ခွင့်ပြုမိန့်များထုတ်ပေးနိုင်ရန် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ၂၀၀၄ခုနှစ် ဇူလိုင် ၂၀ရက်မှ ဩဂုတ် ၁၈ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အဆိုပြုလွှာများကို သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရန် ကြေညာချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိသည်။ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အနေဖြင့် သတ်မှတ်ရက်အတွင်း အဆိုပြုလွှာများ တင်သွင်းရန် လိုအပ်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များ ဩဂုတ် ၄ ရက်က ဖျာပုံတံတား တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ချစ်ကြည်ရေးခြေစမ်းပွဲ အိန္ဒိယကလပ်အသင်း တစ်ဂိုးဖြင့်နိုင် အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်း အတွေ့အကြုံကောင်းများ ရရှိခဲ့

သတင်းဆောင်းပါး – ကိုထွေး
ဓာတ်ပုံ – စိုးညွှန့်(ကြေးမုံ)

ရန်ကုန် ဩဂုတ် ၅

မြန်မာ–အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်အဖြစ် အဖွဲ့ချုပ်လူငယ်ညွှန့်ပေါင်း ဘောလုံးအသင်းနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်ဂေါ ပြည်နယ်မှ မိုဟမ်ဘဂမ်ဘောလုံးအသင်းတို့ ယနေ့ ညနေ ၄နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားရာ မိုဟမ်ဘဂမ်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ●

အိန္ဒိယအသင်းမှ အနိုင်ဂိုးကို ခေါင်းတိုက် သွင်းယူစဉ်။
ဓာတ်ပုံ–စိုးညွှန့်(ကြေးမုံ)